ရှေ့မှီ The Mirror

၁၃၆၇ ခုနှစ်၊ နယုန်လဆန်း ၇ ရက်၊ တနင်္လာနေ့၊ (13-6-2005) (၄၆၂၅)

အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) ဂုဏ်ပြုအလှူငွေပေးအပ်ပွဲ အခမ်းအနား တက်ရောက် အလှူငွေများလက်ခံယူပြီး ကျေးဇူးတင်စကားပြောကြား

ရန်ကုန် ဇွန် ၁၂

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅)ခုနှစ် ဂုဏ်ပြုအလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ပြည်လမ်းရှိ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဗဟို ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အလှူငွေများကို လက်ခံယူပြီး ကျေးဇူးတင်စကားပြောကြားသည်။

တက်ရောက်

ဂုဏ်ပြုအလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း(အငြိမ်းစား)၊ဗဟိုစည်းရုံးရေးကော်မတီဝင်၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင်၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅)ခုနှစ် ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅)ခုနှစ် ဘဏ္ဍာငွေသုံးစွဲမှုအခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဂုဏ်ပြုလွှာပေးအပ်

ထို့နောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✡

လက်ခံ

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ လှူဒါန်းငွေကျပ် သိန်း ၂၀ အား လက်ခံစဉ်။ (သတင်းစဉ်)

သတင်းထုတ်ပြန်ရေးကော်မတီ သတင်းစာရှင်းလင်းပွဲ (၅/၂၀၀၅)ကျင်းပ

SSNA စိုင်းရီနှင့် နောက်လိုက်တစ်စု ဘိန်းစားပြုအကြမ်းဖက် SSA ရှက်ဆစ်နှင့် ပူးပေါင်းသွားခြင်း၏ နောက်ကွယ်မှ ဖြစ်ရပ်မှန်များ ရှင်းလင်း

ရန်ကုန် ဇွန် ၁၂

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီက ၁၉၈၅ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့သည့် SSNA စိုင်းရီနှင့်နောက်လိုက်တစ်စု ပြည်ထောင်စုဖြိုခွဲရေး၊ မူးယစ်ဆေးဝါးထုတ်လုပ် ရောင်းချမှုနှင့် အကြမ်းဖက် အဖျက်လုပ်ရပ်များကိုသာ တစိုက်မတ်မတ် ကျူးလွန်နေသည့် ဘိန်းစားပြ အကြမ်းဖက်သမား SSA ရှက်ဆစ်နှင့် ပူးပေါင်းသွားခြင်းနှင့်ပတ်သက်သည့် နောက်ကွယ်မှ ဖြစ်ရပ်မှန်များနှင့် စပ်လျဉ်း၍ သတင်းစာ ရှင်းလင်းပွဲ(၅/၂၀၀၅)ကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ အလုပ်သမား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်၊ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီနှင့် **စာမျက်နှာ ၄ ကော်လံ ၁ သို့** ★

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၃–၆–၂၀၀၅
(တနင်္လာနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မာစွာတည်ဆောက် နိုင်ငံတော်သစ်တည်ဆောက်ရာတွင် တက်ကြွစွာပါဝင်

မြန်မာနိုင်ငံသည် ပြည်ထောင်စုတိုင်းရင်းသားများဖြင့် ဖွဲ့စည်းနေထိုင်လျက်ရှိသော ပြည်ထောင်စုနိုင်ငံတော်ကြီးဖြစ်သည်။ နိုင်ငံတော်အစိုးရက အမျိုးသားရေးမူဝါဒဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်၍ နိုင်ငံတော်ကြီး ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါ အဓွန့်ရှည် တည်တံ့ခိုင်မြဲစေရန် ကြိုးပမ်းဖော်ဆောင်နေသည်။

ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲစေရေး ဖော်ဆောင်ရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးတက်ဖြစ်ထွန်းရေးကို အထောက်အကူပြုသည့် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအစိတ်အပိုင်းအားလုံး မျှတစွာ ဖွံ့ဖြိုးတိုးတက်စေရေး၊ တိုင်းရင်းသားလူမျိုးများအားလုံး လူမှုစီးပွားရေးအဆင့်အတန်း ဟန်ချက်ညီညီ တိုးတက်မြင့်မားစေရေးလုပ်ငန်းများကို အလေးထား စီမံဖြည့်ဆည်းပေးနေသည်။

နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် တည်ဆောက်ရာတွင် အဓိကအကျဆုံးလိုအပ်ချက်သည် အမျိုးသားစည်းလုံးညီညွတ်ရေးဖြစ်သည်ဟု နိုင်ငံတော်အစိုးရက မမှိတ်မသုန်ယုံကြည်ထားသည်။ အလားတူ တိုင်းရင်းသားလူမျိုးများအားလုံးကလည်း တညီတညွတ်တည်း ရှုမြင်ခဲ့ကြသဖြင့် ငြိမ်းချမ်းရေးကြိုးပမ်းချက်များ အောင်မြင်လာခဲ့သည်။

ယခုအခါ နယ်စပ်ဒေသများအပါအဝင် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအစိတ်အပိုင်းများတွင် တည်ငြိမ်အေးချမ်း သာယာမှုနှင့် လုံခြုံမှုများ လွှမ်းခြုံလျက်ရှိသည်။ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအကြား အပြန်အလှန် နားလည်စာနာမှု၊ ရိုင်းပင်းကူညီဖေးမမှုနှင့် ယုံကြည်အားထားမှု သဘောထားများရှိကြပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှု လုပ်ငန်းများတွင် ပါဝင်လက်တွဲ ကြိုးပမ်းနေကြပြီဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဇွန်လ ၇ ရက်နေ့က ရန်ကုန်မြို့ စိန်ရတုခန်းမ၌ကျင်းပသည့် ရန်ကုန်မြို့နှင့်မန္တလေးမြို့များရှိ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်တို့မှ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့်အင်ဂျင်နီယာ(AGTI)ဒီပလိုမာ ရရှိကြသည့်ကျောင်းသားများနှင့် တွေ့ဆုံရာတွင် မျက်မှောက်ခေတ် သမိုင်းပေးတာဝန်နှင့် စပ်လျဉ်း၍ အမှာစကားပြောကြားခဲ့သည်။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကား ပြောကြားရာတွင် **"တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မာစွာ တည်ဆောက်ခြင်း၊ ငြိမ်းချမ်းသာယာ၍ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရာတွင် တက်ကြွစွာ ပါဝင်ခြင်းသည်သာလျှင် မျက်မှောက်ခေတ် တိုင်းရင်းသားလူမျိုးအသီးသီး ခံယူရမည့် သမိုင်းပေးတာဝန်ကြီး ဖြစ်သည်ဆိုသည်ကို မောင်တို့ နားလည်ထားရန် အထူးလိုအပ်ကြောင်း"** မှာကြားသွားသည်။

မျက်မှောက်ခေတ် နိုင်ငံတကာ၏ အခြေအနေနှင့်ယှဉ်ကြည့်လျှင် မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံများအကြား ခံနိုင်ရည်ရှိသော နိုင်ငံတစ်ခုဖြစ်လာရေး ... ဓနအင်အားကွာဟမှု၊ နည်းပညာကွာဟမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ ကွာဟမှုများကြောင့် မိမိတို့၏ အမျိုးသားရေးအကျိုးစီးပွား နစ်နာဆုံးရှုံးမှု မရှိစေရန် အားထုတ်ကြိုးပမ်းနေရသော အချိန်အခါဖြစ်သည်။

ထို့အပြင် ပြည်ပနိုင်ငံကြီးအချို့က နိုင်ငံရေးပယောဂနှယ်ပြီး မြန်မာနိုင်ငံအပေါ် တားဆီးပိတ်ဆို့မှုများဖြင့် ဖိအားပေး အကျပ်ကိုင် နှောင့်ယှက်နေကြသည်။ အဆိုပါ နိုင်ငံကြီးအချို့၏ ထောက်ပံ့အားပေးမှုဖြင့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားအချို့ကလည်း နိုင်ငံတော်တည်ငြိမ်မှုနှင့် တိုင်းရင်းသားပြည်သူတို့၏ အကျိုးစီးပွား ထိခိုက်ဆုံးရှုံးစေရန် အဖျက်အမှောင့်လုပ်ရပ်များဖြင့် နှောင့်ယှက် လုပ်ကိုင်လျက်ရှိကြသည်။

ယင်းသို့သောအချိန်အခါမျိုးတွင် အခြေအနေအရပ်ရပ်ကို ရင်ဆိုင်တွန်းလှန်ကျော်လွှားပြီး မိမိနိုင်ငံနှင့်မိမိလူမျိုး တိုးတက်ကြီးပွားစေရန် အင်ပြည့်အားပြည့် အားထုတ်ကြရမည်ဖြစ်သည်။ သူတစ်ပါးသြဇာလောင်းရိပ် ကင်းရှင်းစွာဖြင့် နိုင်ငံတကာအလယ်တွင် တင့်တင့်တယ်တယ် ရင်ပေါင်တန်းရပ်တည်နိုင်စေရန် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းကြရမည် ဖြစ်ပေသည်။

သို့ဖြစ်ရာ တိုင်းရင်းသားလူမျိုးများအားလုံးတို့အနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အခိုင်အမာတည်ဆောက်ရင်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရာတွင် တက်ကြွစွာပါဝင်ခြင်းဖြင့် မျက်မှောက်ခေတ် သမိုင်းပေးတာဝန်ကို ကျေကျေပွန်ပွန် ထမ်းဆောင်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

အိဒ်စ်ရောဂါတိုက်ဖျက်ရေး တိုင်းရင်းဆေးဝါးသုံးစွဲသင့် ကာကွယ်ခြင်းကို ဦးစားပေးရန် တောင်အာဖရိကတိုက်တွန်း

ဒါဘန် ဇွန် ၁၁

ခုခံအားကျဆင်းမှု ကူးစက်ရောဂါ(အိဒ်စ်)တိုက်ဖျက်ရေးလုပ်ငန်းတွင် တိုင်းရင်းဆေးဝါးများ သုံးစွဲရေးကို အလေးထားကြရန် တောင်အာဖရိကနိုင်ငံက နိုင်ငံတကာအသိုက်အဝန်းအား အင်္ဂါနေ့တွင် တိုက်တွန်းလိုက်သည်။

အိဒ်စ်ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းကို လုပ်ဆောင်ရာ၌ ရီထရိုဗိုင်းရပ် တိုက်ဖျက်ရေး ဆေးဝါးများကိုသာ အားထားစရာ မလိုအပ်ကြောင်း တောင်အာဖရိက ကျန်းမာရေးဝန်ကြီး တီရှာဘာလာအမ်ဆင်မန်းက ဒါဘန်မြို့တွင် ကျင်းပသော အိဒ်စ် နိုင်ငံတကာ ညီလာခံတစ်ရပ်တွင် သတင်းထောက်များအား ပြောကြားသည်။

အိဒ်စ်ရောဂါသည်များအား ကုသပေးနိုင်ခြင်းမရှိတော့သည့်အခါ ကုသခြင်းထက် ကာကွယ်ခြင်းကို ဦးစားပေးရမည်ဖြစ်ကြောင်း၊ အိဒ်စ် ရောဂါတားဆီး ကာကွယ်ရေးလုပ်ငန်းများအတွက် အရင်းအမြစ်များ ပိုမိုရင်းနှီးမြှုပ်နှံရန်လိုအပ်ကြောင်း တောင်အာဖရိက ကျန်းမာရေးဝန်ကြီးက ပြောကြားသည်။

တိုင်းရင်းဆေး

အိဒ်စ်ရောဂါကူးစက်မှုကို တိုက်ဖျက်ရာတွင် ကိုယ်ခံအားကောင်းမွန်စေရေးအတွက် ရိုးရာတိုင်းရင်းဆေး ပညာအရ ဓာတ်စာများ စားသုံးသင့်ကြောင်း၊ ကြက်သွန်ဖြူ၊ ရှောက်သီးနှင့် တိုင်းရင်းဆေးတို့ကို သုံးစွဲကာ အိဒ်စ်ရောဂါ ကာကွယ်ရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

တက်ရောက်

တောင်အာဖရိကနိုင်ငံတွင် ကျင်းပသော နိုင်ငံတကာအိဒ်စ်ညီလာခံသို့ တောင်အာဖရိကနိုင်ငံ တစ်ဝန်းက ကိုယ်စားလှယ်များနှင့် ကမ္ဘာ့နိုင်ငံများမှ ကိုယ်စားလှယ်များ စုစုပေါင်း လူ ၄၀၀၀ ကျော် တက်ရောက်ကြသည်။

လိုအပ်

၂၀၀၃ ခုနှစ်တွင် အိဒ်စ်ရောဂါဆိုင်ရာ ညီလာခံတစ်ရပ်ကို တောင်အာဖရိက နိုင်ငံတွင် ကျင်းပခဲ့ချိန် နောက်ပိုင်း အိဒ်စ်ရောဂါတိုက်ဖျက်ရေး ညီလာခံများအနက် အကြီးဆုံးဖြစ်သည်။ အိဒ်စ်ရောဂါဖြစ်စေသော အိပ်ချ်အိုင်ဗွီဗိုင်းရပ်ကူးစက်ခံရသူများအား ကုသရာတွင် ရီထရိုဗိုင်းရပ်ကုသရေး ဆေးဝါးများ သုံးစွဲမှုမြှင့်တင်ရန်လိုအပ်ကြောင်း ကိုယ်စားလှယ်များက ပြောကြားသည်။

ငါးသန်းကျော်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စာရင်းအင်း ကိန်းဂဏန်းများအရ တောင်အာဖရိကနိုင်ငံတွင် လူပေါင်း ငါးသန်းကျော်သည် အိပ်ချ်အိုင်ဗွီဗိုင်းရပ်ပိုး ရှိကြောင်း သိရှိရသည်။

အမ်အင်အေ၊ပီတီအိုင်။

အီရတ်မြောက်ပိုင်းတွင် ရေနံပိုက်လိုင်းဖောက်ခွဲခံရ ပေါက်ကွဲမှုကြောင့် ပိုက်လိုင်းမှ ရေနံစိမ်းများ ယိုစီး

တီကရစ် (အီရတ်) ဇွန် ၁၁

အီရတ်နိုင်ငံမှ အဖျက်သမားများက အီရတ်မြောက်ပိုင်းဒေသရှိ အထင်ကရ ရေနံပိုက်လိုင်းတစ်ခုကို ဖောက်ခွဲခဲ့ကြောင်းဖြင့် ရဲတပ်ဖွဲ့က သောကြာနေ့က ပြောကြားသည်။ အဖျက်သမားများက ဘေဂျီရေနံချက်စက်ရုံ အရှေ့ဘက် ရှစ်ကီလိုမီတာအကွာရှိ ရေနံပိုက်လိုင်းအောက်တွင် ဗုံးတစ်လုံး ဖောက်ခွဲခဲ့ပြီးနောက် အဆိုပါ ရေနံပိုက်လိုင်းသည် ည ၈ နာရီခန့်တွင် မီးဟုန်းဟုန်း တောက်လောင်ခဲ့သည်ဟု ဒုတိယဗိုလ်မှူးကြီး ယက်ဆင်အယ်လ်–ဂျာနာဘီက ဆင်ဟွာသတင်းဌာနအား ပြောကြားသည်။

အဆိုပါ ရေနံပိုက်လိုင်းသည် ကယ်ကွတ်ရေနံမြေမှ ရေနံစိမ်းများကို ဘေဂျီရေနံချက်စက်ရုံသို့ တင်ပို့ပေးနေသည့် အထင်ကရ ပိုက်လိုင်းတစ်ခုဖြစ်ပြီး ပေါက်ကွဲမှုကြောင့် ရေနံပိုက်လိုင်းမှ ရေနံစိမ်းများ ဟာမင်တောင်တန်းမှ ချိုင့်ဝှမ်းများအတွင်းသို့ ဒလဟောယိုစီးခဲ့သည်ဟု ၎င်းက ပြောကြားသည်။

အမေရိကန် တပ်ဖွဲ့ဝင်များနှင့် လိုက်ပါလာသည့် မီးသတ်သမားများနှင့် အီရတ်လုံခြုံရေးတပ်ဖွဲ့များ အခင်းဖြစ်ပွားရာသို့ ရောက်ရှိလာခဲ့သည်။ ယင်းနေရာမှ မည်းမှောင်ထူထပ်သည့် မီးခိုးလုံးကြီးများ ကောင်းကင်ယံသို့ တလိပ်လိပ် တက်သွားသည်ကို အဝေးမှမြင်တွေ့နိုင်သည်ဟု ၎င်းကဆက်လက် ပြောကြားသည်။

ယင်းရေနံပိုက်လိုင်းကိုပင် ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းက ဖောက်ခွဲမှုကြောင့် ထိခိုက် ပျက်စီးခဲ့ရကြောင်း၊ အဖျက်သမား ခြောက်ဦးက ရေနံပိုက်လိုင်းဆက်ထားသည့်နေရာကို ရိုက်ချိုးခဲ့သည်ဟု တီကရစ်ရှိ အမေရိကန်–အီရတ် ဆက်သွယ်ရေးရုံးက ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာ သတင်းများ

အီရတ်အကျဉ်းသားများကို ဥပဒေမဲ့ ထိန်းသိမ်းထားမှု စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်ဟု ကိုဖီအာနန်ပြောကြား

ကုလသမဂ္ဂ ဇွန် ၁၁

အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များက သင့်တင့်လျောက်ပတ်သည့် အကြောင်းပြချက်မရှိဘဲ အီရတ်နိုင်ငံမှ ပြည်သူပြည်သားများအား ထောင်ချ၍ ဖမ်းဆီးထိန်းသိမ်းထားမှုသည် အရှေ့အလယ်ပိုင်းဒေသမှ အီရတ်နိုင်ငံ၏ လူ့အခွင့်အရေးအတွက် အဓိကကျသည့် စိန်ခေါ်မှုတစ်ရပ်အဖြစ် ဆက်လက်ရှုမြင်ရကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က ဗုဒ္ဓဟူးနေ့က ပြောကြားလိုက်သည်။

ယင်းလုပ်ငန်းသည် နိုင်ငံတကာ ဥပဒေအား သိသာမြင်သာသည့် ချိုးဖောက်မှုဖြစ်သည်ဟု ကိုဖီအာနန်က ကုလသမဂ္ဂလုံခြုံရေး ကောင်စီသို့ တင်သွင်းသည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဧပြီလအထိ အီရတ်နိုင်ငံမှ အကျဉ်းသား ၁၀၀၀၀ ခန့်မှ အကျဉ်းသား ၆၀၀၀ သည် အမေရိကန်သြဇာ လွှမ်းမိုးသည့် နိုင်ငံစုံတပ်ဖွဲ့များ၏ လက်ထဲတွင် ရှိနေသည်ဟု အီရတ်တရားရေး ဝန်ကြီးဌာနမှ အချက်အလက်အား ကိုးကား၍ ယင်းအစီရင်ခံစာတွင် ဖော်ပြထားသည်။

အရေးပေါ် အခြေအနေကြေညာထားသည့် ကာလအပါအဝင် ရှေ့နေငှားခွင့် ရုံးတင်စစ်ဆေးခွင့် မရှိဘဲ အချိန်အတန်ကြာ ထိန်းသိမ်းဖမ်းဆီးထားမှုကို နိုင်ငံတကာ ဥပဒေက တားမြစ်ထားကြောင်း အီရတ်နိုင်ငံတွင် လူ့အခွင့်အရေးများနှင့် ပတ်သက်၍ အဓိကကျသည့် စိန်ခေါ်မှုတစ်ရပ်သည် သင့်တင့်လျောက်ပတ်သည့် လုပ်ငန်းစဉ်မရှိဘဲ လူများထောင်ချ၍ ထိန်းသိမ်းထားမှုပင်ဖြစ်ကြောင်း အစီရင်ခံစာ အရ သိရှိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၃–၆–၂၀၀၅ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄:၁၅	၄။	လက်စွမ်းပြဟန်ဂီတသံ
၄:၂၅	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၅	၆။	မျိုးချစ်တပ်မတော်
၄:၄၅	၇။	ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၀၀	၈။	**အဝေးသင်တက္ကသိုလ် ပညာရေးပို့ချမှု အစီအစဉ်** (က) သန္ဓိ(Enphony) (ဒုတိယနှစ်–အရှေ့တိုင်းပညာ) (ခ) Physical Development. (ပထမနှစ်–စိတ်ပညာ)
၅:၄၀	၉။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။	နိုင်ငံတကာသတင်း
၆:၂၀	၁၂။	မိုးလေဝသသတင်း
၆:၂၅	၁၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၄။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အမြွှာနဲ့ကြမ္မာ" (အပိုင်း–၃၁)**
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။	မေးမြန်းစူးစမ်း
	၁၉။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၀။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်သူ သူရဲကောင်း" (အပိုင်း–၁၇)**
	၂၁။	သင့်အတွက်မနက်ဖြန်
	၂၂။	အပိတ်နှုတ်ဆက်စကား
	၂၃။	ပြီးပါပြီ။

ကျေးဇူးတင်စကားပြောကြား

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅)ခုနှစ် ဂုဏ်ပြုအလှူငွေ ပေးအပ်ပွဲတွင် ကျေးဇူးတင်စကား ပြောကြားစဉ်။

(သတင်းစဉ်)

✡ **ရှေ့ဖုံးမှ**

စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့၏ အဖွဲ့ဝင် မသန်စွမ်း ခြေလက်စွန့်လွှတ်ကြသူများအား ငွေကျပ် ၁၈၀၀၀၀ တန်ဖိုးရှိ ခြေတုများကို တစ်လလျှင် ငါးဦးနှုန်းဖြင့် ၂၀၀၃ခုနှစ် စက်တင်ဘာလမှ ယနေ့အထိ ခြေတုပေါင်း ၇၂၃ တန်ဖိုးငွေကျပ် ၁၂၉သိန်း

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တန်ဖိုးငွေကျပ် ၁၂၉သိန်း ဖိသောင်းရှိ ခြေတုပေါင်း ၇၂၃ ပြုလုပ်လှူဒါန်းခဲ့သည့် သိန်းသန်းစက်မှု လက်မှု(၇၇၇)မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးသန်းထွန်းဦးအား ကျေးဇူးတင် ဂုဏ်ပြုလွှာပေးအပ်စဉ်။

(သတင်းစဉ်)

ခြောက်သောင်း ပြုလုပ်လှူဒါန်းခဲ့သည့် သိန်းသန်းစက်မှုလက်မှု(၇၇၇) ခြေတုလက်တုလုပ်ငန်းမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးသန်းထွန်းဦးအား ကျေးဇူးတင် ဂုဏ်ပြုလွှာ ပေးအပ်သည်။

ဆက်လက်၍ အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်က ငွေကျပ်သိန်း ၂၀၊ ရွှေဝါမြေကုမ္ပဏီက ငွေကျပ် ၁၀သိန်း၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်က ငွေကျပ် ၁၅သိန်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာနနှင့် ရွှေကမ္ဘာကုမ္ပဏီတို့က ငွေကျပ် ၁၀ သိန်းစီနှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ငွေကျပ်သုံးသိန်းတို့ကို ပေးအပ်လှူဒါန်းကြပြီး မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လက်ခံယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ရှင်းလင်း

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ (၂၀၀၅)ခုနှစ် ဂုဏ်ပြုအလှူငွေ ပေးအပ်ပွဲတွင် ရွှေဝါမြေကုမ္ပဏီမှ ဒေါက်တာကိုကိုကြီး အလှူငွေများ ပေးအပ်လှူဒါန်းရခြင်း အကြောင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

ထို့နောက် ဂန္ဓဝင်နန်းတော် ဆောက်လုပ်ရေးကုမ္ပဏီက ငွေကျပ်သုံးသိန်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ရွှေအင်းဝ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းက ငွေကျပ် ၁၁သိန်း၊ Air Bagan Co., Ltd.၊ Green Light Co., Ltd.၊ ထူးကုမ္ပဏီ၊ ဒဂုံတင်းဘားကုမ္ပဏီနှင့် မိုမင်တန်ကုမ္ပဏီတို့က ငွေကျပ် ၁၀သိန်းစီ တို့ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံး ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း(အငြိမ်းစား)က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

မှတ်တမ်းလွှာပေးအပ်

ဆက်လက်၍ ထွန်းမြတ်အောင်ကုမ္ပဏီ၊ ပစိဖိတ်ကုမ္ပဏီ၊ အေးရှားဝေါလ်ကုမ္ပဏီ၊ တင်ဝင်းထွန်းကုမ္ပဏီနှင့် မြန်မာယူနီဗာဆယ်လ်ဘဏ်တို့က ငွေကျပ် ၁၀သိန်းစီကိုလည်းကောင်း၊ ကောင်းမြတ်ကုမ္ပဏီ၊ အာရှဂရင်းကုမ္ပဏီ၊ မြတ်နိုးသူကုမ္ပဏီ၊ ရှမ်းရိုးမနဂါးကုမ္ပဏီ၊ ဒေင်အုပ်စုကုမ္ပဏီ၊ အေးရှားဝေါလ်ကုမ္ပဏီ၊ မက်စ်မြန်မာကုမ္ပဏီ၊ ဝေမိသားစု ကျောက်မျက်လုပ်ငန်းနှင့် အောင်ချမ်းသာ

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း(အငြိမ်းစား) Green Light Co., Ltd. **မှ လှူဒါန်းငွေကျပ် ၁၀သိန်းကို လက်ခံစဉ်။**

(သတင်းစဉ်)

Construction & Services တို့က ငွေကျပ်ငါးသိန်းစီတို့ကိုလည်းကောင်း၊ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီအုပ်စုက ငွေကျပ် ၁၀သိန်းကို လည်းကောင်း၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းနှင့် ပတ္တမြားနဂါးကုမ္ပဏီတို့က ငွေကျပ်ငါးသိန်းစီကိုလည်းကောင်း၊ မြင့်အောင်မြတ်ကုမ္ပဏီက ငွေကျပ်သုံးသိန်းကို လည်းကောင်း၊ အလှူရှင်အသီးသီးနှင့် အခမ်းအနားသို့ မတက်ရောက်နိုင်သည့် အလှူရှင်များ အပါအဝင် အလှူရှင် ၁၀၅ ဦးတို့က စုစုပေါင်းငွေကျပ် ၃၇၃၅၀၀၇၀ တို့ကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

လက်ခံ

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ လှူဒါန်းငွေကျပ် ၁၀သိန်းကို လက်ခံစဉ်။

(သတင်းစဉ်)

တင်ပြ

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင်၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ (၂၀၀၅)ခုနှစ် ဘဏ္ဍာရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) ခုနှစ် ဘဏ္ဍာငွေသုံးစွဲမှု အခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

ရှင်းလင်းတင်ပြ

ထို့နောက် အလှူရှင်များကိုယ်စား ရွှေဝါမြေကုမ္ပဏီမှ ဒေါက်တာကိုကိုကြီးက မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ (၂၀၀၅)ခုနှစ်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံး ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အခမ်းအနားသို့ တက်ရောက်လာကြသော အလှူရှင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

(သတင်းစဉ်)

အကြမ်းဖက် အဖျက်အမှောင့်လုပ်ရပ်တွေကို ကာကွယ်တားဆီးရာတွင် နိုင်ငံတော် တာဝန်ရှိတဲ့ အဖွဲ့ တွေနဲ့ချည်း လုပ်လို့ မပြည့်စုံနိုင် ပြည်သူတစ်ရပ်လုံးက အမျိုးသားရေးတာဝန်အဖြစ်သဘောပေါက်ပါဝင်မှ အောင်မြင်မည်

ရှင်းလင်း ဖြေကြား

ပြည်ထဲရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် မောင်ဦး မေးမြန်းချက်များကို ပြန်လည် ရှင်းလင်း ဖြေကြားစဉ်။
(သတင်းစဉ်)

ရန်ကုန် ဇွန် ၁၂

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီက သတင်းစာရှင်းလင်းပွဲ(၅/၂၀၀၅)ကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့မှပုဂ္ဂိုလ်များ၊ သတင်းနှင့် ပြန်ကြားရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျိုဒိုသတင်းဌာနမှ ဦးစိန်ဝင်း၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းနာယက ဦးလှထွေး၊ ဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖ၊ အတွင်းရေးမှူး ဦးညွန့်တင်နှင့် အသင်းဝင် သတင်းထောက်များ၊ ပြည်တွင်းမဂ္ဂဇင်းတိုက်များနှင့် ဂျာနယ်တိုက်များမှ စာတည်းအဖွဲ့ဝင်များ တက်ရောက်၍ သတင်းရယူခဲ့ကြသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် ပြည်တွင်း၊ ပြည်ပသတင်းစာဆရာများက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ ရှင်းလင်းပြောကြားချက်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ အခြားသိလိုရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ လည်းကောင်း မေးမြန်းခဲ့ကြရာ ၎င်းတို့မေးမြန်းချက်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၏ ရှင်းလင်းပြောကြားချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(NTV)သတင်းဌာနမှ ဦးအောင်ရွှေဦး

ပြန်ကြားရေးဝန်ကြီး တင်ပြချက်မှာ နောက်ဆုံး ကျွန်တော်တို့ နိုင်ငံအနေနဲ့ ဆောင်ရွက်မယ့်ကိစ္စ၊ ပြည်သူ ပါဝင်ရမယ့်ကိစ္စကို တပ်လှန့်နှိုးဆော်ထားတာတွေ့ရှိရပါတယ်။ ကျွန်တော်တို့ နိုင်ငံယဉ်ကျေးမှု၊ လူမျိုးယဉ်ကျေးမှု၊ အထူးသဖြင့် လုံခြုံရေး၊ လုံခြုံရေးမှာတစ်ခါ အထူးသဖြင့် ရဲ၊ ဒီကဏ္ဍအသီးသီးဟာ နိုင်ငံခြားမှာရှိတဲ့ရဲနဲ့လည်း ကျွန်တော်တို့ရဲ မတူဘူး၊ နိုင်ငံခြားမှာရှိတဲ့ ပြည်သူနဲ့ ကျွန်တော်တို့ပြည်သူ မတူဘူး။ အဲဒီတော့ ဥပမာ ကျွန်တော်တို့ ရဲဆိုလို့ရှိရင် သာမန်လူတွေမပြောပါနဲ့။ ရဲဆိုရင် အရူးနဲ့ အမူးတောင်မှ ထိတ်ထိတ်လန့်လန့်ရှိတယ်။ ဒါဟာ ကောင်းတဲ့လက္ခဏာတစ်ခုဖြစ်ပါတယ်။ အခြားနိုင်ငံမှာတော့ ရဲကိုဒီလို အရူးနဲ့အမူးက ဒီလိုမြင်သလား၊ မမြင်သလားတော့ မသိဘူး။

နောက် ဒုတိယ တစ်ချက်က ကျွန်တော်တို့ လူမျိုး၊ ကျွန်တော်တို့ စရိုက်က ဘာလဲဆိုတော့ သူခိုးဖမ်းဖို့ သိပ်ဝါသနာပါတယ်။ လူမျိုးဆိုတာ ကျွန်တော်က မြန်မာလူမျိုးကိုပြောတာ။ ဗမာလူမျိုး ကျွန်တော်ထည့်မပြောဘူး။ မြန်မာလူမျိုးတစ်ရပ်လုံးအနေနဲ့ သူခိုးဖမ်း အားကြီးဝါသနာပါတယ်။ ဒီအချက်သုံးချက်ဟာ လုံခြုံရေးကိစ္စအဝဝကို ကြီးမားတဲ့ မူလပင်ကိုကတည်းက ပေးနေတဲ့အထောက်အကူတွေဖြစ်ပါတယ်။ ဒါပေမယ့်လို့ဆက်ဆံဘူး။ ဆိုတော့ ကျွန်တော်တို့ ဒီအမှုတိုင်းကို ရရမယ်၊ မရရင် ညံ့တယ်လို့ ပြောလို့မရဘူး။ သဘောက ကျွန်တော်တော့ ဒီလိုမြင်တယ်။ ဆိုတော့ ဘာပဲ ဆောင်ရွက်တဲ့ကိစ္စတွေမှာဆိုရင် တင်ပြရမယ့် ကိစ္စတွေ ရှိပါတယ်။ အခု ကျွန်တော်တို့ ဖုံးဖောက်တဲ့ ကိစ္စနဲ့ ပတ်သက်လို့ မတွေ့ရှိတာ၊ တွေ့ရှိတာ ဒါတွေဟာ စကားပြောနေရပါတယ်။ ဒီလိုပြောနေရတဲ့ကိစ္စတွေနဲ့ပတ်သက်လို့ အောင်မြင်တာလည်းရှိမယ်၊ မအောင်မြင်တာလည်းရှိမယ်။ မအောင်မြင်တဲ့ အပိုင်းကို ကျွန်တော်ကတော့ သိပ်အဆိုးတော့မမြင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ဒီမှာ စာအုပ်တစ်အုပ် တွေ့ထားတယ်။ The World Greatest Unsolved Mysteries အမှုပေါင်း ၁၃၀ရှိတယ်။ အခုထိ ရှာလို့မတွေ့သေး ဖြစ်ဖြစ် ထောက်လှမ်း စုံစမ်းတဲ့ နည်းလမ်းမှာ Traditional Method မရိုးနိုင်တဲ့ဟာရှိတယ်။ Traditional Method ရိုးသားပြီး သုံးလို့မရတဲ့ဟာ ရှိတယ်။ နောက်တစ်ခါ Modern Method ကျွန်တော်တို့အတွက် Cause Effective ဖြစ်တယ်။ စရိတ်သက်သာတယ်၊ ထိရောက်တယ်၊ သွက်လက်တယ်၊ မြန်ဆန်တယ် အဲဒီနည်းတွေ ရှိတယ်။ ဒီနည်းတွေကို၊ အကောင်းဆုံးတွေကို ဖော်ဆောင်ပြီးတော့ ဆက်လက်ပြီး ဆောင်ရွက်ဖို့ ကျန်နေသေးတယ်လို့ မြင်မမြင် ကျွန်တော် သိချင်ပါတယ်။

ဒုတိယ တစ်ချက်က ဆက်သွယ်လှုပ်ရှားနိုင်ပါတယ်၊ သတင်းပေးနိုင်ပါတယ် ဆိုတဲ့နေရာမှာ တယ်လီဖုန်းလေး တစ်လုံးနှစ်လုံး နံပါတ်ပေးထားတာနဲ့ လုံလောက်မလား။ အခြေအနေတွေက တောင်းဆိုနေပြီ။ အဲဒီတော့ ဒီကိစ္စကို ဘယ်လို ဆောင်ရွက်သင့်သလဲ။ ထိရောက်သွက်လက်အောင်၊ ပြည်သူလူထုက ပူးပေါင်းဆောင်ရွက်လိုစိတ် တဖွားဖွားပေါ်ပေါက်လာအောင်၊ ရိုးသား စိတ်ဓာတ်တွေ တိုးတက်လာအောင် ဆက်ဆံရေးနဲ့ ဆက်သွယ်ရေးကို ဘယ်လိုများဆောင်ရွက်ဖို့ အစီအစဉ်ရှိပါသလဲဆိုတာကို သိချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

မြန်မာနိုင်ငံ ရဲ တပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ် ခင်ရီ မေးမြန်းချက်များကို ပြန်လည် ရှင်းလင်း ဖြေကြားစဉ်။
(သတင်းစဉ်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ

ဒီမေးခွန်းနဲ့ ပတ်သက်လို့ ကျေးဇူးတင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ ဒီဗုံးပေါက်ကွဲတဲ့ကိစ္စနဲ့ ပတ်သက်ပြီးတော့ ဒီတရားခံကို ရှာဖွေတဲ့အခါမှာရော၊ ကောလာဟလတွေ ချေဖျက်တဲ့အခါမှာရော ကျွန်တော်တို့ ဒီတရားခံကို ဖော်ထုတ်တဲ့အခါမှာ လက်ရှိ ကျွန်တော်တို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ လုပ်နေတဲ့စနစ်ကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှာ Community Policing ဆိုတာ ရှိပါတယ်။ ဒါပြည်သူလူထု ပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ်ပဲ ဖြစ်ပါတယ်။ နောက်တစ်ခုက Home Visit လို့ခေါ်တဲ့ အိမ်တိုင်ရာရောက် ရဲလုပ်ငန်းစနစ်ဆိုတာ ရှိပါတယ်။ ဒီ နှစ်ခုကို ကျွန်တော်တို့ ဟန်ချက်ညီပေါင်းစပ်ပြီးတော့ လက်ရှိ ဒီဖြစ်စဉ်မှာ ကျွန်တော်တို့ ဆီက အထူးတာဝန် တပ်ဖွဲ့တွေဟာ အဖွဲ့များခွဲပြီးတော့ နယ်မြေတစ်ခု အတွင်းမှာ Community Policing ဆိုတဲ့ တစ်ချိန် တစ်ခါတုန်းက ကျွန်တော်တို့ သုံးခဲ့တဲ့စနစ်ရော၊ အခု အခါမှာ ပိုပြီးတော့ ဒီစနစ်ကို အရှိန်နဲ့ ဆောင်ရွက်တဲ့နည်းနဲ့ရော ဒါ ကျွန်တော်တို့ ဆောင်ရွက်နေတာဖြစ်ပါတယ်။ နောက်တစ်ချက်ကလည်း ကျွန်တော်တို့ ဒီသတင်းပေးတဲ့ကိစ္စနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ရဲ့ သိန်း၁၀၀ပေးမယ်ဆိုတဲ့ ဆုကြေးစာရွက်မှာကိုက တယ်လီဖုန်းနံပါတ် ၂၂ခု ပါ ပါတယ်။ ဒါ့အပြင် တခြားသောနည်းများနဲ့ ကျွန်တော်တို့ကို ဆက်သွယ်တဲ့လူတွေလည်း ရှိပါတယ်။ ဘာပဲဖြစ်ဖြစ် လက်ရှိအခြေအနေမှာတော့ ကျွန်တော်တို့ပြည်သူတွေကနေပြီးတော့ ပူးပေါင်းပါဝင်လာအောင် ဒီ နိုင်ငံတော် လုံခြုံရေးဟာ ကျွန်တော်တို့ တပ်ဖွဲ့တစ်ခုတည်းနဲ့ လုပ်လို့မရဘူးဆိုတာ ဒါကျွန်တော်တို့ နားလည်တဲ့ အတွက်ကြောင့် အခုန ကျွန်တော်ပြောတဲ့နည်းတွေကို ဒါ အရှိန်မြှင့် ဆောင်ရွက်တဲ့နည်းဖြစ်ပါတယ်။ ဒါကကျွန်တော်တို့ ရဲတပ်ဖွဲ့ တစ်ခုတည်းလုပ်နေတဲ့နည်းပါ။ အခြားသော ဒေသအာဏာပိုင်တွေနဲ့ ပေါင်းစပ်ပြီးတော့ နယ်မြေအတွင်းမှာ ဆင်းပြီး လုပ်တဲ့ လုပ်ငန်းတွေလည်းရှိပါတယ်။ ဒါအားလုံးလည်း သိကြမယ်ထင်ပါတယ်။ အခုကျွန်တော်တို့နေ့စဉ် နေ့စဉ် အဖွဲ့တွေခွဲပြီးတော့ ကျွန်တော်တို့ ဗုံးဖောက်ခွဲတဲ့သတင်းတွေ ကျွန်တော်တို့ သံသယဖြစ်တဲ့၊ Suspect ဖြစ်တဲ့ တရားခံတွေရဲ့ စာရင်းတွေ ဒါတွေကို ပြပြီးတော့ အိမ်တိုင်ရာရောက် လုပ်တဲ့နည်းတွေ ရှိပါတယ်။ ဒါအခုန ကျွန်တော် ပြောသလို ကနေ့လုပ်နေတဲ့

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❐

အင်န်တီဗွီ သတင်းဌာနမှ ဦးအောင်ရွှေဦး မေးမြန်းစဉ်။
(သတင်းစဉ်)

★ သတင်းထုတ်ပြန်ရေးမှ

ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့မှ ပုဂ္ဂိုလ်များ၊ သတင်းနှင့်ပြန်ကြားရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျိုဒိုသတင်းဌာနမှ ဦးစိန်ဝင်း၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းနာယက ဦးလှထွေး၊ ဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖ၊ အတွင်းရေးမှူး ဦးညွန့်တင်နှင့် အသင်းဝင် သတင်းထောက်များ၊ ပြည်တွင်းမဂ္ဂဇင်းတိုက်များနှင့် ဂျာနယ်တိုက်များမှ စာတည်းအဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၁၉၈၅ ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့သည့် SSNA စိုင်းရီနှင့် နောက်လိုက်တစ်စု ပြည်ထောင်စုဖြိုခွဲရေး၊ မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းချမှုနှင့် အကြမ်းဖက်လုပ်ရပ်များကိုသာ တစိုက်မတ်မတ် ကျူးလွန်နေသည့် ဘိန်းဓားပြ အကြမ်းဖက်သမား SSA ရွက်ဆစ်နှင့် ပူးပေါင်းသွားခြင်းနှင့်ပတ်သက်သည့် နောက်ကွယ်မှ ဖြစ်ရပ်မှန်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

(**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ ရှင်းလင်းပြောကြားချက်များကို ကျောဖုံးတွင် ဖော်ပြထားပါသည်။**)

ထို့နောက် သတင်းစာဆရာများ၏ မေးမြန်းချက်များကို ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီတို့က ပြန်လည်ရှင်းလင်းဖြေကြားကြပြီး သတင်းစာရှင်းလင်းပွဲကို မွန်းတည့် ၁၂နာရီတွင် ရုပ်သိမ်းလိုက်သည်။

မှတ်တမ်းပုံများကြည့်ရှု

ယင်းနောက် သတင်းစာဆရာများနှင့် ပြည်တွင်း မဂ္ဂဇင်း၊ ဂျာနယ်တိုက်များမှ စာတည်း အဖွဲ့ဝင်များသည် ရှမ်းပြည်လွတ်မြောက်ရေးကို အကြောင်းပြကြွေးကြော်၍ လက်နက်ကိုင် ဆူပူသောင်းကျန်းလာသည့် ရွက်ဆစ်ခေါင်းဆောင် SSA အဖွဲ့က အပြစ်မဲ့ တိုင်းရင်းသားပြည်သူများအား လက်နက်အားကိုးဖြင့် အနိုင်ကျင့် နှိပ်စက် သတ်ဖြတ်ခဲ့မှု မှတ်တမ်းဓာတ်ပုံများ၊ ရွက်ဆစ်ခေါင်းဆောင်သော SSA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ရှမ်းပြည်လွတ်မြောက်ရေးဟူသည့် မျက်နှာဖုံးစွပ်ပြီး နောက်ကွယ်၌ မူးယစ်ဆေးဝါး ရောင်းဝယ်ထုတ်လုပ်နေမှု မှတ်တမ်းဓာတ်ပုံများ၊ SSNA စိုင်းရီနှင့် အကြမ်းဖက်လုပ်ရပ်များကို တစိုက်မတ်မတ် ကျူးလွန်နေသော ဘိန်းဓားပြ၊ အကြမ်းဖက်သမား SSA ရွက်ဆစ်တို့ တစ်ကျိတ်တည်း တစ်ဉာဏ်တည်းဖြစ်ကြောင်းဖော်ပြနေသော မှတ်တမ်းဓာတ်ပုံများ၊ နိုင်ငံတော်ဆန့်ကျင်ရေး၊ ပြည်ထောင်စုပြိုကွဲရေးနှင့် အကြမ်းဖက် သောင်းကျန်းမှုများ လုပ်ဆောင်ရေး ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားသော နယ်စပ်၌ အခြေပြုသည့် အဖွဲ့အစည်းများ၏ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြသည်။

(သတင်းစဉ်)

သတင်းစာရှင်းလင်းပွဲ(၅/၂၀၀၅)၌ ခင်းကျင်းပြသထားသော မှတ်တမ်းဓာတ်ပုံများကို ပြည်တွင်း ပြည်ပသတင်းစာဆရာများ ကြည့်ရှုကြစဉ်။ (ကြေးမုံ)

ပြီးခဲ့တဲ့ သတင်းစာရှင်းလင်းပွဲမှာ ဒီအကြမ်းဖက်လုပ်ရပ်ကို ဘယ်အကြမ်းဖက် ဖျက်ဆီးဖောက်ခွဲရေးအဖွဲ့တွေက လုပ်သွားတယ်ဆိုတာကို ရှင်းပြခဲ့ပြီးဖြစ်ပါတယ်။ နောက်ထပ် ထပ်မံရရှိထားတဲ့ အထောက်အထားတွေနဲ့ ဆက်စပ်မှုအရလည်း သက်ဆိုင်ရာ လုပ်သွားတဲ့သူတွေကို မမိသေးသည့်တိုင် အဲဒီအဖွဲ့တွေပဲဖြစ်တယ်ဆိုတာကို ခိုင်လုံစေတဲ့ အနေအထားရှိကြောင်း၊ ဒါထပ်ပြီး ရှင်းလိုပါတယ်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ ဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးတို့ သတင်းစာဆရာများ၏ မေးမြန်းချက်များကို ပြန်လည် ရှင်းလင်းဖြေကြားစဉ်။ (သတင်းစဉ်)

လူကုန်ကူးမှုပြဿနာ ကမ္ဘာအနှံ့အပြားမှာရှိ လူကုန်ကူးမှုပြဿနာတားဆီးရေး ဥပဒေပြုနေ

❒ **စာမျက်နှာ ၄ မှ**

နည်းကတော့ Community Policing နဲ့ Home Visit ဒီနည်းနှစ်နည်းကို ကျွန်တော်တို့ အရှိန်မြှင့်ပြီး ဆောင်ရွက်တဲ့ သဘောဖြစ်ပါတယ်။ ဒီလောက်ပါပဲခင်ဗျာ။

ပြည်ထဲရေးဝန်ကြီးဌာန
ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး

ကျွန်တော်ပြီးခဲ့တဲ့ သတင်းစာရှင်းလင်းပွဲတုန်းက ပြောခဲ့တာရှိပါတယ်။ အဲဒါကဘာလဲဆိုတဲ့အခါမှာ ကျွန်တော်တို့ Public Security Interior Security တွေနဲ့ တာဝန်အရှိဆုံးဟာ ကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးဌာန ဖြစ်ပါတယ်ဆိုပြီးတော့ ဒီမှာပြောခဲ့ပါတယ်။ ကနေ့ နိုင်ငံတော်ရဲ့ ပြည်တွင်းလုံခြုံရေးနဲ့ပတ်သက်လာရင် အဓိကတာဝန်ယူနေတာလည်း ကျွန်တော်တို့ စရဖ အဖွဲ့ပေါ့။ အဲဒီလောက်ပဲ ကျွန်တော်အတိုကောက်ပြောပါတယ်။ အဲဒါရယ်၊ ကျွန်တော်တို့ပြည်ထဲရေးရယ် ပေါင်းပြီးတော့မှ စုပေါင်းပြီးတော့ လုပ်နေကြတဲ့ အနေအထားရှိပါတယ်။ အခြေအနေပြောရရင် ကျွန်တော်တို့လက်ရှိအနေအထား တိုးတက်မှုရှိပါတယ်။ မစုံသေးလို့ ကျွန်တော်တို့ မပြောခြင်းပဲဖြစ်ပါတယ်။ ဒီလောက်ပဲကျွန်တော်ပြောပါရစေ။ စုံလာတဲ့အချိန်မှာ၊ ကျွန်တော်တို့ပြောခဲ့ပါတယ်။ ပြောနိုင်တဲ့အချိန်မှာ ကျွန်တော်ပြောပါမယ်လို့ ကျွန်တော်တို့ပြောခဲ့ပါတယ်။

ခုန ရဲချုပ်ကြီးပြောသွားတဲ့အထဲမှာလည်း ပါပါတယ်။ ကောလာဟလကိစ္စလည်း ဖြစ်ပါတယ်။ မယုံပါနဲ့။ ဒါလေးကို ကျွန်တော်စိတ်ပူတယ်၊ မယုံပါနဲ့၊ နိုင်ငံတော်အတွက်၊ ပြည်သူလူထုအတွက် ကျွန်တော်တို့တစ်တွေ အပြောမဟုတ်ဘဲ အမှန်တကယ်လည်း လုပ်နေကြတယ်။ လုပ်ပေးမယ်၊ လုပ်နေတယ်၊ ဝိုင်းတော့ကူပေးပါ။ ကျွန်တော်ပြောချင်တာ အဲဒီအချက်လေးတစ်ခုပါ။

ပြန်ကြားရေးဝန်ကြီးဌာန
ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း

ကျွန်တော် နည်းနည်းဖြည့်စွက်ပြီးတော့ ပြောပါမယ်။ ကျွန်တော်တို့ ပြီးခဲ့တဲ့ သတင်းစာရှင်းလင်းပွဲမှာ ဒီအကြမ်းဖက်လုပ်ရပ်ကို ဘယ်အကြမ်းဖက် ဖျက်ဆီးဖောက်ခွဲရေးအဖွဲ့တွေက လုပ်သွားတယ်ဆိုတာကို ကျွန်တော်ရှင်းပြခဲ့ပြီးဖြစ်ပါတယ်။ နောက်ထပ် ထပ်မံရရှိထားတဲ့ အထောက်အထားတွေနဲ့ ဆက်စပ်မှုအရလည်း သက်ဆိုင်ရာလုပ်သွားတဲ့သူတွေကို မမိသေးသည့်တိုင် အဲဒီအဖွဲ့တွေပဲဖြစ်တယ်ဆိုတာကို ခိုင်လုံစေတဲ့အနေအထားရှိကြောင်း၊ ဒါကျွန်တော် ထပ်ပြီး ရှင်းလိုပါတယ်။

ပြည်သူတွေအခုလိုကိစ္စတွေမှာ နိုင်ငံတော်အနေနဲ့ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာအောင် နှိုးဆော်တိုက်တွန်းနေတယ်။ အဲဒီလို ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာနိုင်ဖို့ရန်အတွက် ဆက်သွယ်မှုစနစ်တွေ ဘယ်လိုလုပ်မှာလဲ။ ဆက်ဆံဆောင်ရွက်မှုစနစ်တွေ ဘယ်လိုလုပ်မှာလဲလို့ ဒီလိုလေး မေးသွားတဲ့ သဘောရှိပါတယ်။ ဒါနဲ့ ပတ်သက်လို့ကတော့ ဒီကိစ္စမျိုးမှာ ပြည်သူတွေအားလုံးဟာ မိမိတို့ ကိုယ်တိုင်ပါဝင်မှ အပြည့်အဝ လုံခြုံအောင် ထမ်းဆောင်နိုင်မှာဖြစ်တယ်ဆိုတဲ့ အသိစိတ်ဓာတ်မျိုးရှိလာအောင် ရှိပြီးသားတွေလည်း ရှိမှာပေါ့လေ။ သို့သော် အမှတ်တမဲ့ဖြစ်နေတဲ့ ပြည်သူတွေပါ ပါလာအောင် ကျွန်တော်တို့ နိုင်ငံတော်မီဒီယာပိုင်းတွေကနေပြီးတော့လည်း အများအပြား ရေးပြီးတော့ ပြည်သူကို တိုက်တွန်းနေပါတယ်။ အလားတူပဲ နိုင်ငံတော်ရဲ့ သတင်းထုတ်ပြန်ရေးတွေမှာလည်း ထည့်ထည့်ပြီးတော့ ကျွန်တော်တို့ ထုတ်ပြန်နေပါတယ်။ ကနေ့ ကျွန်တော်ရှင်းလင်းတဲ့ ရှင်းလင်းချက်ထဲမှာလည်း ဒီအချက်ကို အလေးအနက်ထားပြီးတော့ ပြည်သူများကို ပန်ကြားထားတာပါပါတယ်။ ဒါဟာဘာလဲဆိုရင် ဒီလိုအကြမ်းဖက် အဖျက်အမှောင့် လုပ်ရပ်တွေကို အပြည့်အဝလုံခြုံအောင် ကာကွယ်တားဆီးကြတဲ့နေရာမှာ နိုင်ငံတော်တာဝန်ရှိတဲ့ အဖွဲ့တွေနဲ့ချည်း လုပ်လို့မပြည့်စုံနိုင်ဘူး၊ ပြည်သူတစ်ရပ်လုံးက မိမိတို့တစ်တွေ ပူးပေါင်းဆောင်ရွက်ရမယ့် အမျိုးသားရေးတာဝန်ပဲဆိုတာကို သဘောပေါက်ပါဝင်လာမှ အောင်မြင်နိုင်မယ်ဆိုတဲ့ အသိကို ရရှိပြီးတော့ ပူးပေါင်းပါဝင်လာစေချင်လို့ ကျွန်တော်တို့ နှိုးဆော်တိုက်တွန်းနေတာဖြစ်ပါတယ်။ ဘယ်လိုပူးပေါင်းဆောင်ရွက်မလဲဆိုတာကတော့ ဥပမာ ပြည်သူတိုင်းဟာ စောစောက ကျွန်တော်တို့ဆွေးနွေးသလို မိမိတို့သွားလေရာ မိမိတို့လုပ်ကိုင်ဆောင်ရွက်ရာမှာ အသိစိတ်ရှိရှိ သတိနဲ့ အမြဲတမ်းကြည့်ရှုပြီးတော့ တာဝန်ရှိတဲ့သူတွေကို Report လုပ်နေမယ်ဆိုရင် လက်လှမ်းတမီမှာ လုံခြုံရေးအဖွဲ့တွေရှိပါတယ်။ တပ်မတော်တွေရှိပါတယ်။ ရဲတပ်ဖွဲ့တွေရှိပါတယ်။ ဒေသ အာဏာပိုင်တွေရှိပါတယ်။ ဒါတွေကို ထိတွေ့ပြီးတော့ ဒီအကြောင်းအရာတွေကို သတင်းပေးလိုက်တာနဲ့ ကျွန်တော်တို့ ချက်ချင်း၊ ချက်ချင်း အရေးယူဆောင်ရွက်သွားနိုင်မယ့် အနေအထားတွေရှိပါတယ်။ တာဝန်ရှိတဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နောက်တစ်ခါ အုပ်ချုပ်ရေးပိုင်း၊ တပ်မတော်ပိုင်း အနေနဲ့ကလည်းပဲ ဒီကိစ္စတွေနဲ့ပတ်သက်ပြီးရင် အားလုံးဆက်စပ်ပြီးတော့ စီမံဆောင်ရွက်လျက်ရှိပါတယ်ဆိုတာကို ဦးအောင်ရွှေဦးနဲ့ သတင်းစာဆရာကြီးများ သိရှိအောင် ကျွန်တော် ဖြေကြားလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

လယ်ယာစီးပွားသတင်းဂျာနယ်မှ
အယ်ဒီတာချုပ် ဦးမြတ်စိုး

ကျွန်တော်ကတော့ လယ်ယာစီးပွား သတင်းဂျာနယ်ရဲ့ အယ်ဒီတာချုပ် မြတ်စိုးဖြစ်ပါတယ်။ ကျွန်တော် ဒီကနေ့ သိချင်တဲ့ အချက်နှစ်ချက်ရှိပါတယ်။ ပထမဆုံးတစ်ချက်က လူကုန်ကူးမှုပြဿနာနဲ့ပတ်သက်ပြီး ပြောကြားလိုပါတယ်။

မသိနားမလည်တဲ့ မြန်မာအမျိုးသမီးငယ်တွေကို နားလှည့်ပါးလှည့်လုပ်ပြီးတော့ လူကုန်ကူးတဲ့ ပြဿနာမျိုး မပေါ်ပေါက်အောင် ကျွန်တော်တို့ လယ်ယာစီးပွားစာစောင်လိုပဲ အခြားသော ထိရောက်သော အများပြည်သူဖတ်တဲ့ စာနယ်ဇင်းတွေကနေပြီးတော့ ဖော်ထုတ်သင့်တယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ဒါကြောင့်မို့ ဒီသတင်းမျိုးထုတ်ပြန်ဖို့ အစီအစဉ်ရှိမယ်ဆိုရင် လွယ်ကူချောမွေ့အောင် လုပ်ပေးနိုင်တဲ့ အစီအစဉ်လေးတွေ ကျွန်တော်တို့ သိချင်ပါတယ်။ ဒါတစ်ချက်ပါခင်ဗျ။

ဒုတိယတစ်ချက်ကတော့ အခု တစ်ပတ်နှစ်ပတ်အတွင်းမှာ ထွက်ကုန်တွေလှိုင်တဲ့အချိန်မှာ ဈေးအေးပြီးတော့ အရောင်းအဝယ်တွေ လေးနေတာ သွားတွေ့ရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ လေ့လာကြည့်လိုက်တဲ့အခါကျတော့ နယ်စပ်ထွက်ပေါက်တွေ ပိတ်နေတယ်ဆိုတဲ့ သတင်းမျိုးပဲ ယောဘုယျကြားရပါတယ်။ ဒါကြောင့်မို့လို့ အခုလိုဖြစ်ပျက်နေတဲ့ကိစ္စ နယ်စပ်ထွက်ပေါက် ဘာညာဆိုတဲ့ အရပ်ပြောစကားတွေဟာ တကယ်ပဲ အဖြစ်မှန်ကဘာလဲ၊ ပြည်ထဲရေးအခြေအနေကြောင့် ကျွန်တော်တို့က လုံခြုံမှုအရ ဖြစ်နေရတာလား။ စီးပွားကူးသန်းရဲ့ ကုန်သွယ်မှုစနစ်ကြောင့် ဆောင်ရွက်နေရတာလားဆိုတာ ပြည်သူသိသင့်တဲ့အပိုင်းအထိကို ကျွန်တော်တို့ ထုတ်ပြန်ပေးဖို့ အစီအစဉ်သိပါရစေခင်ဗျာ။ ဒီလောက်ပါပဲ။

ပြည်ထဲရေးဝန်ကြီးဌာန
ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး

ကျွန်တော်တို့ အခု သတင်းစာဆရာကြီးများမေးတဲ့ လူကုန်ကူးမှုပြဿနာ တီအိုင်ပီပေါ့၊ တီအိုင်ပီပြဿနာဟာ ကျွန်တော်တို့နိုင်ငံတစ်ခုတည်းတွင် မဟုတ်ပါဘူး။ ကမ္ဘာအနှံ့အပြားမှာ ရှိပါတယ်။ အဲဒီလိုရှိတဲ့ အနေအထားမှာမှ အခု လူကုန်ကူးမှုပြဿနာတားဆီးရေးနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဥပဒေပြုနေပါတယ်။ ဒီဥပဒေဟာ မကြာခင် ကျွန်တော်တို့ ထွက်လာမှာပါ။ အဲဒီကျရင်တော့ နိုင်ငံတော်မှာ ကျယ်ကျယ်ပြန့်ပြန့်သိလာမယ့် အနေအထား အခြေအနေမျိုး ဖြစ်ပါတယ်။ အဓိကကတော့ လူကုန်ကူးမှုပြဿနာမှာ စီးပွားရေးထက် အသိဉာဏ်အားနည်းတဲ့အပိုင်းပေါ့။ စဉ်းစားတွေးခေါ်နိုင်မှု အားနည်းတဲ့အပိုင်းကို လူလူချင်း အမြတ်ထုတ်တဲ့ အပိုင်းပဲဖြစ်ပါတယ်။

ကျွန်တော်တို့တစ်တွေ လူမှောင်ခိုကူးမှုနဲ့ပတ်သက်လို့ တားဆီးရေးရှိတယ်၊ ကာကွယ်ရေးရှိတယ်၊ ပြန်လည်ထူထောင်ရေး ကိစ္စရှိတယ်။ ဒါတွေကို ကျွန်တော်တို့ Plan ရှိရှိ လုပ်နေတဲ့အနေအထားရှိပါတယ်။ ဒီလောက်ပါပဲ။ ကျေးဇူးတင်ပါတယ်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✦

နီပွန်ကေဗိုင်းရှင်ဘွန်းမှ ဦးလှထွေး မေးမြန်းစဉ်။ (သတင်းစဉ်)

အင်န်အိပ်ချ်ကေ သတင်းဌာနမှ ဦးခင်မောင်မြင့် မေးမြန်းစဉ်။ (သတင်းစဉ်)

လယ်ယာစီးပွား သတင်းဂျာနယ် အယ်ဒီတာချုပ် ဦးမြတ်စိုး မေးမြန်းစဉ်။ (သတင်းစဉ်)

ရိုက်တာသတင်းဌာနမှ ဦးအောင်လှထွန်း မေးမြန်းစဉ်။ (သတင်းစဉ်)

ယူမီယူရီရှင်ဘွန်းမှ ဦးကိုကို မေးမြန်းစဉ်။ (သတင်းစဉ်)

အင်န်တီဗွီသတင်းဌာနမှ ဒေါ်ဆင့်ဆင့်အောင် မေးမြန်းစဉ်။ (သတင်းစဉ်)

မြန်မာတိုင်း(မ်)မှ ဦးသက်ခိုင် မေးမြန်းစဉ်။ (သတင်းစဉ်)

ဆင်ဟွာသတင်းဌာနမှ ဦးထွန်းဖေ မေးမြန်းစဉ်။ (သတင်းစဉ်)

မဟာဂျာနယ်မှ ဦးမြတ်ခိုင် မေးမြန်းစဉ်။ (သတင်းစဉ်)

စိုင်းရီသည် ဒေသဖွံ့ဖြိုးရေးမလုပ်၊ ရန်ပုံငွေများကိုယ်ကျိုးသုံးပြီး ရွက်ဆစ်နှင့်လျှို့ဝှက်ဆက်သွယ် မခံမရပ်နိုင်တဲ့ SSNA တပ်ဖွဲ့ဝင်တွေက နိုင်ငံတော်အစိုးရထံ သတင်းပေးပို့တိုင်ကြားခဲ့

✱ ကျောဖုံးမှ

နောက်ရက်တွေမှာတော့ ဗွီအိုအေ၊ဘီဘီစီ၊RFA၊DVB၊ ရှမ်းသံတော်ဆင့်စတဲ့ ပြည်ပသတင်းဌာနနဲ့ပြည်ပမီဒီယာတွေကSSNAနဲ့ SSAပူးပေါင်းခြင်းနဲ့ပတ်သက်၍ သဘောထားအမြင်များ ဆက်သွယ်မေးမြန်းချက်၊ ရှမ်းသံတော်ဆင့်အယ်ဒီတာနဲ့ ဘီဘီစီဆက်သွယ်မေးမြန်းချက်၊ အတိုက်အခံအဖွဲ့အစည်းများ၏ သဘောထားအမြင်များ တင်ပြချက်၊ ရှမ်းတိုင်းရင်းသားအုပ်စုနှစ်စု ပူးပေါင်းမှုနှင့်ပတ်သက်၍ စိုးရိမ်မကင်းမှုများ တိုးပွားနေကြောင်း သတင်းပေးပို့ချက်၊ နောက်ဆက်တွဲ အခြေအနေအကြောင်း ဆက်သွယ်မေးမြန်းချက်၊ ဘီဘီစီ၏ သုံးသပ်တင်ပြချက်၊ NCUB အတွင်းရေးမှူး အဖွဲ့ဝင်ပဒိုမန်းရှာအား ဆက်သွယ်မေးမြန်းချက် စတဲ့ ခေါင်းစဉ်အမျိုးမျိုးနဲ့ ထုတ်လွှင့်ခဲ့ကြပါတယ်။

အဲဒီထုတ်လွှင့်ချက်တွေကို တူညီရာစုပေါင်းကြည့်မယ်ဆိုရင်–

“ရှမ်းပြည်အမျိုးသားတပ်မတော်လို့ အမည်ခံထားတဲ့ SSNA အဖွဲ့မှစိုင်းရီဟာ တပ်မတော်အစိုးရက အပြီးအပိုင် လက်နက်စွန့်လွှတ်ဖို့ အတင်းအကျပ် ဖိအားပေးခဲ့တဲ့အတွက် အခုလို SSA ရွက်ဆစ်နဲ့ ပြန်လည်ပူးပေါင်းရခြင်း ဖြစ်ကြောင်း။

SSNA တပ်ဖွဲ့များဖြစ်တဲ့ ဦးကန်နဦးစီးတဲ့ SSNA တပ်မဟာ(၁၁)၊ ဦးဂုဏ်ခေးဦးစီး SSNA တပ်မဟာ (၁၉)တို့ လက်နက်စွန့်ခဲ့ရတာဟာလဲ တပ်မတော်အစိုးရက အတင်းအကျပ် ဖိအားပေးအကျပ်ကိုင်လို့ဖြစ်ကြောင်း။

ထို့အတူ ဦးအိုက်မုန်းဦးစီးတဲ့ PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့က လက်နက်စွန့်ခဲ့ရတာဟာလည်း အတင်းအကျပ် ဖိအားပေးအကျပ်ကိုင်ခံရလို့ပဲ ဖြစ်ကြောင်း။

အခြားဥပဒေဘောင်အတွင်း ဝင်ရောက်ထားကြတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေကိုလဲ အလားတူလက်နက်စွန့်ဖို့ ဖိအားပေးအကျပ်ကိုင်လာရင်တော့လက်ခံကြမှာမဟုတ်ဘဲ SSNA စိုင်းရီလို တောတွင်းသို့ ပြန်လည်ဝင်ရောက်တာတွေ ဖြစ်လာမှာဖြစ်ကြောင်း”ဆိုတဲ့ မမှန်မကန်ထုတ်လွှင့်ချက်များ၊ ငြိမ်းချမ်းရေးနဲ့လက်နက် အပြီးအပိုင်လဲလှယ်ခဲ့ကြတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များရဲ့ စစ်မှန်တဲ့စေတနာကို စော်ကားတဲ့ထုတ်လွှင့်ချက်များ၊ ဥပဒေဘောင်အတွင်းမှာရောက်ရှိနေကြတဲ့ အခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်းသို့လောသို့လော တွေးတောသံသယပွားအောင် ဘေးတီးထုတ်လွှင့်ချက်များသာ ဖြစ်ကြောင်း တွေ့ရမှာဖြစ်ပါတယ်။

ဒီနေရာမှာ ကမ္ဘာ့မီဒီယာအားလုံး ယေဘုယျအားဖြင့် လိုက်နာကျင့်သုံးနေကြတဲ့ မီဒီယာကျင့်ဝတ်တစ်ရပ်ကို ကိုးကားဖော်ပြလိုပါတယ်။

အဲဒီ မီဒီယာတွေရဲ့ အခြေခံကျင့်ဝတ် တစ်ရပ်ကတော့ **“အများပြည်သူတို့ သိရှိနိုင်ရန်အလို့ငှာ ထုတ်ပြန်သောသတင်းတိုင်း၌ အချက်အလက်တိကျ မှန်ကန်စေရန်အစွမ်းကုန် စိစစ်ရမည်၊ ဖော်ပြခြင်းမပြုမီ သတင်းအားလုံးကို တတ်စွမ်းသမျှစစ်ဆေးရမည်၊ မည်သည့် သတင်းအချက်အလက်ကိုမျှ မိမိလိုရာ ဆွဲမရေးရ၊ သို့တည်းမဟုတ် လိုရင်းအချက်အလက်များကိုတမင်သက်သက် ထိမ်ချန်ခြင်း မပြုရ”**ဆိုတဲ့ ကျင့်ဝတ်ပဲဖြစ်ပါတယ်။ ဒီကျင့်ဝတ်ကို မီဒီယာတိုင်းက လိုက်နာစောင့်ထိန်းကြရစမြဲဖြစ်ကြောင်းကို မီဒီယာသမားတိုင်း သိရှိပြီးဖြစ်ပါလိမ့်မယ်။

ဒါပေမယ့် ဘီဘီစီနဲ့ ဗွီအိုအေတို့ကတော့ မီဒီယာရဲ့အခြေခံကျင့်ဝတ်ကို တမင်သက်သက်ချိုးဖောက်ပြီး ၁၉၈၈ ခုနှစ်အရေးအခင်းကာလမှာ တိုင်းဆူပြည်ဖျက်လုပ်ရပ်တွေ၊ မင်းမဲ့စရိုက်လုပ်ရပ်တွေ ကူးစက်ပြန့်ပွားအောင် သွေးထိုးလှုံ့ဆော်ထုတ်လွှင့်ခဲ့ပါတယ်။ မဟုတ်မမှန် လုပ်ကြံဇာတ်လမ်းဆင်ထားတဲ့ တွေ့ဆုံမေးမြန်းခန်းတွေနဲ့ပါ မီးလောင်ရာလေပင့် ထုတ်လွှင့်ပြီး မြန်မာနိုင်ငံကို အန္တရာယ်ချောက်ကမ်းပါးထဲကျအောင် ဆောင်ရွက်ခဲ့ပါတယ်။ ဘီဘီစီ၊ ဗွီအိုအေတို့ရဲ့ မိုးလုံးပြည့်မုသာဝါဒ ထုတ်လွှင့်မှုတွေကို အဲဒီကာလမှာ ပါဝင်ဖြတ်သန်းခဲ့ရသူတိုင်း မှတ်မိနေကြဦးမှာဖြစ်ပါတယ်။

၁၉၈၈ ခုနှစ်နောက်ပိုင်း ကာလတစ်လျှောက်လုံးမှာလဲ ဘီဘီစီနဲ့ ဗွီအိုအေတို့အပြင် မြန်မာနိုင်ငံကို ဆန့်ကျင်ပုတ်ခတ်ထုတ်လွှင့်ဖို့ ထပ်မံထူထောင်လာတဲ့ RFA ၊ DVB စတဲ့ ပြည်ပသတင်းဌာနတွေ၊ ရှမ်းသံတော်ဆင့်စတဲ့ ပြည်ပစာနယ်ဇင်း တွေဟာ ပြည်ထောင်စုပြိုကွဲအောင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲအောင်နဲ့ အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးသွားအောင် မဟုတ်မမှန်လုပ်ကြံထားတဲ့ သတင်းတွေကိုသာ အရှက်မရှိ သိက္ခာမဲ့စွာ ထုတ်လွှင့်ဖော်ပြလျက်ရှိကြောင်း လေ့လာတွေ့ရှိရမှာ ဖြစ်ပါတယ်။

ဒါကြောင့် SSNA စိုင်းရီနဲ့ SSA ရွက်ဆစ်တို့ ပူးပေါင်းသွားရခြင်း အကြောင်းရင်း အခြေအနေမှန်နဲ့ အဖြစ်မှန်များကို သတင်းစာဆရာကြီးများနဲ့ ပြည်သူများသိရှိနိုင်အောင် ဆက်လက်ရှင်းလင်းပြောကြားသွားမှာ ဖြစ်ပါတယ်။

သတင်းစာဆရာကြီးများခင်ဗျား

SSNAစိုင်းရီနဲ့ နောက်လိုက်တစ်စု ဘိန်းဘုရင်အကြမ်းဖက်သမား SSA ရွက်ဆစ်နဲ့ ခုလိုပူးပေါင်းသွားတာဟာ နိုင်ငံတော်အစိုးရကသော်လည်းကောင်း၊ တပ်မတော်ကသော်လည်းကောင်း၊ ဒေသအာဏာပိုင်များကသော်လည်းကောင်း တစ်စုံတစ်ရာဖိအားပေး အကျပ်ကိုင်ခြင်းကြောင့်မဟုတ်ဘဲ ၎င်းတို့ဖုံးကွယ်လှည့်စားထားတဲ့အမှန်တရားပေါ်သွားခြင်းနဲ့ ဥပဒေကို ရင်မဆိုင်ရဲခြင်းတို့ကြောင့် ခုလိုတိမ်းရှောင်ထွက်ပြေးသွားခြင်းသာ ဖြစ်ပါတယ်။

ရွက်ဆစ်နဲ့စိုင်းရီတို့ရဲ့နောက်ကြောင်းကို ပြန်ကြည့်ရင် သူတို့နှစ်ယောက်စလုံးဟာ ဦးခွန်ဆာရဲ့ MTA အဖွဲ့မှာ ပါဝင်ခဲ့သူတွေဖြစ်ပါတယ်။ စိုင်းရီဟာ ဦးခွန်ဆာအဖွဲ့ကနေခွဲထွက်ပြီး SSNAမှာပါဝင်တစ်စင်ထောင်ခဲ့သူဖြစ်ပါတယ်။ ၁၉၉၆ခုနှစ်မှာ ဦးခွန်ဆာရဲ့ MTAအဖွဲ့အကြွင်းမဲ့လက်နက်ချခဲ့စဉ်က ရွက်ဆစ်လည်း ပါဝင်ခဲ့ပါတယ်။ ဒါပေမယ့်ရွက်ဆစ်ဟာ ဘိန်းဘုရင် ဗီဇကို မဖျောက်နိုင်ဘဲ ပြန်လည်တောခိုပြီး SURAအဖွဲ့အမည်နဲ့တစ်စခန်းထခဲ့သူ ဖြစ်ပါတယ်။

အဲဒီနောက်ပိုင်းမှာ စိုင်းရီဟာ Shans Solidarity ဆိုတဲ့အဖွဲ့မှာ SSA ရွက်ဆစ်နဲ့အတူ အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ပြန်ပါတယ်။ အဲဒီ Shans Solidarity အဖွဲ့ဆိုတာကတော့ မည်ကာမတ္တ ပြည်ထောင်စုကိုထူထောင်ကာ တစ်ချိန်ချိန်၌ ခွဲထွက်လျက် သီးခြားနိုင်ငံထူထောင်ရန် ကြိုးပမ်းခဲ့ကြတဲ့ ရှမ်းပြည်နယ်ပူးပေါင်းဆောင်ရွက်ရေးကော်မတီ SSJAC၊ ရှမ်းပြည်နယ် ငြိမ်းချမ်းရေးကောင်စီ SSPC နဲ့ ရှမ်းပြည်ပညာရှင်များအတိုင်ပင်ခံကောင်စီတို့နဲ့ ပေါင်းစပ်ဖွဲ့စည်းထားတဲ့အဖွဲ့ပဲ ဖြစ်ပါတယ်။ အဲဒီအထောက်အထားများကိုလည်း သတင်းစာဆရာကြီးများ ကြည့်ရှုလေ့လာနိုင်အောင် ဘုတ်မှာကပ်ပေးထားပါတယ်။

အဲဒီအထောက်အထားတွေကိုကြည့်ရင် SSNAစိုင်းရီဟာ SSA ရွက်ဆစ်နဲ့ မူလကတည်းက တစ်ကျိတ်တည်း တစ်ဉာဏ်တည်းဖြစ်ကြောင်း တွေ့ရမှာ ဖြစ်ပါတယ်။ SSNA စိုင်းရီဟာ ဥပဒေဘောင်အတွင်းဝင်ရောက်ပြီး တရားဝင်ငြိမ်းချမ်းရေးအဖွဲ့အဖြစ်ရပ်တည်ကာ တစ်ဖက်ကလည်း နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေတဲ့အဖွဲ့များနဲ့ လျှို့ဝှက်ပူးပေါင်းဆောင်ရွက်နေတဲ့ ရေမှုတ်တစ်ဖက်၊ မီးစတစ်ဖက်သမားသာ ဖြစ်ပါတယ်။ ဒါကြောင့် အခုလို SSNA စိုင်းရီနဲ့ SSA ရွက်ဆစ်တို့ ပူးပေါင်းသွားတယ်ဆိုတာဟာ မူလကတည်းက ၎င်းတို့ နှစ်ယောက် နှစ်ကိုယ့်တစ်စိတ်ဖြစ်နေမှုကို ဖုံးကွယ်လှည့်စားထားရာကနေ မျက်နှာဖုံးကွာကျသွားပြီး ဇာတိရုပ်အမှန် ပေါ်သွားခြင်းသာဖြစ်ကြောင်း တွေ့ရှိကြရမှာဖြစ်ပါတယ်။

ဒါ့အပြင် SSNAစိုင်းရီရဲ့ ကန့်လန့်ကာနောက်ကွယ်မှ ဇာတ်လမ်းတစ်ပုဒ်လည်း ရှိနေပါသေးတယ်။ အဲ့ဒီဇာတ်လမ်းကတော့ SSA ရွက်ဆစ်က SSNA စိုင်းရီကို ကျည်ဆန်များဝယ်ပေးဖို့ ဆက်သွယ်စေခိုင်းခြင်းပဲဖြစ်ပါတယ်။ ရွက်ဆစ်ရဲ့စေခိုင်းချက်အရ စိုင်းရီဟာ ၂၀၀၅ ခုနှစ် မတ်လ၁၆ရက်နေ့မှာ ကြားခံပုဂ္ဂိုလ်တစ်ဦးအား ကျည်ဆန်များ ဝယ်ယူရရှိနိုင်မယ့် နေရာကို စုံစမ်းဆက်သွယ်ပေးဖို့ အကူအညီတောင်းခံခဲ့ပါတယ်။ ကြားခံပုဂ္ဂိုလ်က လိုက်လံ စုံစမ်းပြီး မတ်လ၂၈ရက်နေ့မှာ ကျည်ဆန်များဝယ်ယူရရှိပြီးဖြစ်ကြောင်း စိုင်းရီထံ သတင်းပို့ခဲ့ပါတယ်။ ဒီအခါမှာ စိုင်းရီက ကျည်ဆန်ဖိုးငွေပေးချေပြီး ကျည်ဆန်များကိုတော့ ဝယ်ယူရရှိတဲ့နေရာကနေ ၎င်းတို့အစီအစဉ်နဲ့ ၎င်းတို့သယ်ယူဖို့ လျှို့ဝှက်စီစဉ်ခဲ့ပါတယ်။ ကျည်ဆန်ဖိုး ကျသင့်ငွေကျပ် ၅၇သိန်းကို SSA ရွက်ဆစ်ရဲ့ညီ စောပီတဆိုသူကိုယ်တိုင် ကျည်ဆန်ရှာဝယ်ပေးတဲ့ ကြားခံပုဂ္ဂိုလ်ကို ပေးခဲ့တာပဲဖြစ်ပါတယ်။

SSNA စိုင်းရီဟာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာတဲ့ အခြားတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေလို ဒေသဖွံ့ဖြိုးရေးနဲ့ ဒေသခံပြည်သူများရဲ့အကျိုးကို အားသွန်ခွန်စိုက် ဆောင်ရွက်ခြင်းမရှိဘဲ နိုင်ငံတော်ကထောက်ပံ့တဲ့ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေတွေ၊ ဒေသဖွံ့ဖြိုးရေးအတွက်လုပ်နေတဲ့ စီးပွားရေးလုပ်ငန်းများကရတဲ့ ဝင်ငွေတွေကို ကိုယ်ကျိုးအတွက်ပဲသုံးပြီး အလွဲသုံးစားလုပ်မှု၊ ဘိန်းဘုရင်အကြမ်းဖက်သမား SSAရွက်ဆစ်နဲ့ လျှို့ဝှက်ဆက်သွယ် ဆောင်ရွက်မှု၊ ယခုကဲ့သို့ ကျည်ဆန်များ မှောင်ခိုဆက်သွယ်ဝယ်ယူပေးမှုတွေကို လုပ်နေတဲ့အတွက် မခံမရပ်နိုင်တဲ့ SSNA တပ်ဖွဲ့ဝင်တွေက နိုင်ငံတော်အစိုးရထံ သတင်းပေးပို့တိုင်ကြားခဲ့ကြပါတယ်။

သူ့ရဲ့မသမာတဲ့လုပ်ရပ်တွေကို နိုင်ငံတော်က သိရှိသွားချိန်မှာ SSNA စိုင်းရီဟာ သူ့လုပ်ရပ်အတွက်စိုးရိမ်ပြီး တိမ်းရှောင်ထွက်ပြေးဖို့ အစီအစဉ်တွေလုပ်တာကိုလဲ နိုင်ငံတော်က သိရှိခဲ့ပါတယ်။ ဒီအခါမှာ နိုင်ငံတော်က SSNA စိုင်းရီအနေနဲ့ ပြုမိတဲ့အမှားတစ်ခုအတွက် နောက်ထပ်အမှားတစ်ခု ထပ်မံမပြုမိအောင် **“ဖြစ်ပြီးသားကိစ္စအတွက် စိုးရိမ်ကြောင့်ကြခြင်း မရှိရန်၊ လက်ရှိအခြေပြုနေရာမှာပဲ ယခင်အတိုင်း(ဥပဒေဘောင်အတွင်း ဝင်ရောက်စဉ်က နိုင်ငံတော်အစိုးရနှင့် ညှိနှိုင်းသဘောတူထားတဲ့ စည်းမျဉ်းစည်းကမ်းများအတိုင်း)ဆက်လက်နေထိုင်ဆောင်ရွက်ရန်”**အသိပေး ပြောကြားခဲ့ပါတယ်။ ဒါဟာ တပ်မတော်အစိုးရအနေနဲ့ နိုင်ငံတော်အတွက် ကြိုးပမ်းတည်ဆောက်ရယူထားတဲ့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို မထိခိုက်အောင်၊ နိုင်ငံတော်နဲ့ တိုင်းရင်းသားအားလုံးအတွက် အကောင်းဆုံးဖြစ်အောင် သုံးသပ်မြော်တွေးပြီး ဆောင်ရွက်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ➪

SSNA **စိုင်းရီနှင့်** SSA **ရွက်ဆစ်တို့အား အခမ်းအနားတစ်ခု၌ အတူတွေ့ရစဉ်။**

(သတင်းစဉ်)

အခမ်းအနားတစ်ခု၌အတူ

SSNA **စိုင်းရီနှင့်** SSA **ရွက်ဆစ်တို့အား အခမ်းအနားတစ်ခု၌ အတူတွေ့ရစဉ်။** (သတင်းစဉ်)

ရေမှုတ်တစ်ဖက်၊ မီးစတစ်ဖက်

SSNA စိုင်းရီဟာ ဥပဒေဘောင်အတွင်းဝင်ရောက်ပြီး တရားဝင်ငြိမ်းချမ်းရေးအဖွဲ့အဖြစ် ရပ်တည်ကာ တစ်ဖက်ကလည်း နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေတဲ့ အဖွဲ့များနဲ့ လျှို့ဝှက်ပူးပေါင်းဆောင်ရွက်နေတဲ့ ရေမှုတ်တစ်ဖက်၊ မီးစတစ်ဖက် သမားသာဖြစ်။

SSNA စိုင်းရီရဲ့ အင်အားအနည်းငယ် တောတွင်းပြန်ဝင်သွားပေမယ့် လက်အောက်တပ်ဖွဲ့များအနက် အချို့က လုံးဝငြိမ်းချမ်းရေးတည်ဆောက်၊ အချို့က နိုင်ငံတော်နဲ့လက်တွဲပြီး မူလအတိုင်းရပ်တည်နေ

➪ စာမျက်နှာ ၆ မှအဆက်

သို့သော်လည်း SSNA စိုင်းရီဟာ မူလကတည်းက ဘိန်းစားပြ အကြမ်းဖက်သမား SSA ရှက်ဆစ်နဲ့ တစ်ကျိတ်တည်း တစ်ဉာဏ်တည်းဖြစ်တာနဲ့အညီ အခုလို သူ့ရဲ့သစ္စာဖောက်မှု ဘူးပေါ်သလို ပေါ်သွားတဲ့အခါမှာ ဥပဒေဘောင်အတွင်းမှာ ဆက်နေလို့မဖြစ်တော့တဲ့အတွက် သူ့သဘောသူဆောင်ပြီး တောတွင်းကို ပြန်ဝင်သွားခြင်းသာ ဖြစ်ပါတယ်။

အဲ့ဒီလို အများပြည်သူမသိသေးတဲ့ သူ့ရဲ့သစ္စာမဲ့မှု၊ ကိုယ်ကျိုးရှာမှုနဲ့ မသမာမှုတွေကို SSNA စိုင်းရီဟာ ဆက်လက်ဖုံးကွယ်ထားပြီး အခုလို SSA ရှက်ဆစ်နဲ့ ပူးပေါင်းရခြင်းဟာ အစိုးရကလက်နက်စွန့်ဖို့ ဖိအားပေးအကျပ်ကိုင်တဲ့အတွက်၊ ရွေးစရာလမ်းမရှိတော့တဲ့အတွက် ပူးပေါင်းရခြင်းဖြစ်တယ်လို့ သူခိုးက လူလူဟစ်ဆိုသလို ပြောခဲ့ပါတယ်။ အလားတူပဲ မြန်မာနိုင်ငံနဲ့ တိုင်းရင်းသားပြည်သူတွေ ဒုက္ခလှလှကြီးတွေ့အောင် ဘေးတီးချောက်တွန်းနေတဲ့ ပြည်ပမီဒီယာအချို့ကလဲ စိုင်းရီတို့ပြောတဲ့အတိုင်း သံယောင်လိုက်ပြီး သတင်းပုံစံမျိုးစုံကို အားပါးတရ ထုတ်လွှင့်ပေးခဲ့ကြပါတယ်။ ဒါဟာ အခြားသော ငြိမ်းချမ်းရေးအဖွဲ့တွေပါ စိုင်းရီတို့လို လမ်းမှားရောက်သွားအောင် စေတနာဆိုးနဲ့ သပ်လျှိုသွေးထိုးပေးနေတာပဲဖြစ်ပါတယ်။

မည်သို့ပင်ရှိစေကာမူ နိုင်ငံတော်အစိုးရအနေနဲ့ရော တပ်မတော်အနေနဲ့ပါ SSNA စိုင်းရီအား လက်နက်စွန့်ရန် ဖိအားပေးအကျပ်ကိုင်ခြင်း၊ ခြိမ်းခြောက်ခြင်း တစ်စုံတစ်ရာ မပြုလုပ်ခဲ့ကြောင်း အတိအလင်းပြောကြားလိုပါတယ်။ ထို့အတူ အခြားသော မည်သည့်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ကိုမျှလဲ လက်နက်စွန့်ရန် ဖိအားပေးအကျပ်ကိုင်ခြင်း မပြုလုပ်ခဲ့ကြောင်း အမှန်ကိုအမှန်အတိုင်း အရှိကို အရှိအတိုင်း ပြောကြားလိုပါတယ်။

သတင်းစာဆရာကြီးများခင်ဗျား

SSNAတပ်ဖွဲ့များအနေအထားနဲ့ စပ်လျဉ်းပြီး ဆက်လက်ရှင်းပြရရင် ရှမ်းပြည်အမျိုးသားတပ်မတော်(SSNA)ဟာ ၁၉၉၅ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့တာ ဖြစ်ပါတယ်။ SSNA အဖွဲ့မှာ စိုင်းရီဦးစီးတဲ့ SSNA ဌာနချုပ်၊ ၎င်းအောက်မှာ အင်အား ၁၀၀ခန့်စီဖြင့် ဖွဲ့စည်းထားတဲ့ ဦးခေမာဦးစီးတဲ့ တပ်မဟာ(၆)၊ ဦးစိုင်းထွန်းဦးစီးတဲ့ တပ်မဟာ(၉)၊ ဦးကန်နဦးစီးတဲ့ တပ်မဟာ(၁၁)၊ ဦးခေမင်ဦးစီးတဲ့ တပ်မဟာ(၁၆)နဲ့ ဦးဂုဏ်ခေးဦးစီးတဲ့ တပ်မဟာ(၁၉)တို့ ပါဝင်ပါတယ်။

အဲဒီတပ်မဟာ ငါးခုအနက် ဦးကန်နဦးစီးတဲ့ တပ်မဟာ(၁၁)တစ်ခုလုံးဟာ ၂၀၀၅ခုနှစ် ဧပြီလ၁၂ရက်နေ့ကလည်းကောင်း၊ ဦးဂုဏ်ခေးဦးစီးတဲ့ တပ်မဟာ(၁၉) တစ်ခုလုံးဟာ ၂၀၀၅ခုနှစ် မေလ၂၀ရက်နေ့ကလည်းကောင်း နိုင်ငံတော်ထံ လက်နက်များအပြီးအပိုင်အပ်နှံကာ ငြိမ်းချမ်းရေးနဲ့ လက်နက်လဲလှယ်ခဲ့ကြပြီး ဖြစ်ပါတယ်။ ဒါ့အပြင် ဦးခေမာဦးစီးတဲ့ တပ်မဟာ(၆)၊ ဦးစိုင်းထွန်းဦးစီးတဲ့ တပ်မဟာ(၉)နဲ့ ဦးခေမင်ဦးစီးတဲ့ တပ်မဟာ(၁၆)တို့ဟာလည်း မူလအခြေပြုရာ နေရာများမှာပဲ ယခင်ဥပဒေဘောင်အတွင်း ဝင်ရောက်စဉ်က နိုင်ငံတော်အစိုးရနဲ့ ညှိနှိုင်းသဘောတူထားတဲ့ စည်းမျဉ်းစည်းကမ်းများအတိုင်း အေးချမ်းစွာ ဆက်လက်နေထိုင်လျက်ရှိကြပါတယ်။ စိုင်းရီနဲ့ လိုက်ပါသွားတာကတော့ ၎င်းနဲ့ အတူတကွနေကြရတဲ့ SSNA ဌာနချုပ်မှ အင်အားအနည်းငယ်ပဲ ဖြစ်ပါတယ်။

အခုလို SSNA ခေါင်းဆောင်ဖြစ်တဲ့ စိုင်းရီနဲ့ အင်အားအနည်းငယ် တောတွင်းကို ပြန်ဝင်သွားပေမယ့် လက်အောက်တပ်ဖွဲ့များအနက် တချို့က အပြီးအပိုင်လက်နက်စွန့်ပြီး လုံးဝငြိမ်းချမ်းရေးတည်ဆောက်ကြခြင်း၊ အချို့က လည်း နိုင်ငံတော်နဲ့လက်တွဲပြီး နေထိုင်လျက်ရှိတဲ့ မူလအနေအထားအတိုင်း ဆက်လက်ရပ်တည်နေခြင်းဟာ နိုင်ငံတော်အစိုးရရဲ့ ပြည်ထောင်စု စိတ်ဓာတ်အခြေခံတဲ့ မှန်ကန်မွန်မြတ်သော မူဝါဒသဘောထားများနဲ့ လက်တွေ့လုပ်ဆောင်ချက်များကြောင့်ဖြစ်ကြောင်း သိသာထင်ရှားပါတယ်။

တစ်ဖက်ကကြည့်ရင်လည်း SSNA တပ်ဖွဲ့ဝင်အများစုဟာ ပြည်ထောင်စု မပြိုကွဲရေးတည်းဟူသော မျိုးချစ်စိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေးတည်းဟူသော မျိုးချစ်စိတ်ဓာတ်၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော မျိုးချစ်စိတ်ဓာတ်ဆိုတဲ့ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ရှင်သန်ခိုင်မာသူများဖြစ်ကြောင်း ပေါ်လွင်ထင်ရှားနေပါတယ်။

သတင်းစာဆရာကြီးများခင်ဗျား

ဆက်လက်ပြီး ဘိန်းစားပြအကြမ်းဖက်သမား၊ ပြည်ထောင်စုဖြိုခွဲရေးသမား SSA ရှက်ဆစ်နဲ့ SSNA စိုင်းရီတို့က နိုင်ငံတော်အစိုးရအား သုံးဖက်သုံးတန် ညှပ်တိုက်ရေး စီမံချက်အတိုင်း ပြည်သူလူထုအပေါ် အကြမ်းဖက်တိုက်ခိုက်မှု၊ အဖျက်အမှောင့်လုပ်ရပ်များ ကျူးလွန်နေမှုကို ရှင်းလင်းပြောကြားသွားမှာ ဖြစ်ပါတယ်။

SSA ရှက်ဆစ်အဖွဲ့ဟာ ယခုမေလထဲမှာ ရှမ်းပြည်နယ်တောင်ပိုင်းနဲ့ အရှေ့ပိုင်းက အစွန်အဖျားကျတဲ့ ကျေးရွာများမှ တစ်အိမ်ထောင်လျှင် လူသစ်တစ်ယောက်၊ အနည်းဆုံး ကျေးရွာအုပ်စု တစ်ခုလျှင် လူသစ်ခုနစ်ယောက် ပေးရန်ဆင့်ဆိုပြီး အတင်းအဓမ္မ လူသစ်စုဆောင်းနေတာကို တွေ့ရပါတယ်။ ဒေသခံ တိုင်းရင်းသားပြည်သူများအနေနဲ့ ဘိန်းစားပြအလုပ်၊ အကြမ်းဖက်သမား အလုပ်ကို မည်သူမျှမလုပ်လိုကြပါဘူး၊ ဒါ့ကြောင့် SSA ရှက်ဆစ်အဖွဲ့ဟာ အခုလို အတင်းအဓမ္မ လူသစ်စုဆောင်းမှုကို တစ်လျှောက်လုံးလုပ်နေခဲ့ကြတာပဲ ဖြစ်ပါတယ်။

ဇွန် ၁၂ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ သတင်းထုတ်ပြန်ရေးကော်မတီက ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ (၅/၂၀၀၅)တွင် ပြသထားသော ရှက်ဆစ်ခေါင်းဆောင်သည့် SSA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ မူးယစ်ဆေးဝါးရောင်းဝယ်ထုတ်လုပ်နေမှု မှတ်တမ်းဓာတ်ပုံများကို တွေ့ရစဉ်။ (သတင်းစဉ်)

ဒေသခံတိုင်းရင်းသားပြည်သူတွေဟာ SSA ရှက်ဆစ်တို့နောက်ကို လူလိုက်နိုင်ရင်လိုက်၊ မလိုက်နိုင်ရင် ငွေပေးကြရပါတယ်။ ဒီလို SSA ရှက်ဆစ်ရဲ့ အဓမ္မလုပ်ရပ်ကြောင့် လူလည်းမလိုက်နိုင်၊ ငွေလည်းမတတ်နိုင်တဲ့ ဒေသခံလူငယ်လူရွယ် အများအပြားဟာ အကြမ်းဖက်သမားများရဲ့အန္တရာယ်က လွတ်ကင်းရာ လွိုင်လင်၊ တောင်ကြီး၊ မန္တလေးစတဲ့ မြို့ကြီးများသို့ သွားရောက်ပြီး ကိုရင်ဝတ်၊ ဦးဇင်းဝတ်ဖြင့် နေရခြင်း၊ ကြုံရာကျပန်း အလုပ်လုပ်ပြီး ရှန်းကန်နေရခြင်းများဖြင့် အချို့သောမိသားစုများဟာ တစ်ကွဲတစ်ပြားနဲ့ ရှင်ကွဲကွဲနေကြတဲ့အထိ အတိဒုက္ခရောက်နေကြရပါတယ်။

ဒါတွင်မကဘဲ SSA ရှက်ဆစ်အဖွဲ့ဟာ ဒေသခံတိုင်းရင်းသားပြည်သူတွေကို ဆက်ကြေးတောင်း၊ ပြန်ပေးဆွဲတဲ့လုပ်ရပ်တွေနဲ့လည်း ဒုက္ခပေးလျက်ရှိနေပါတယ်။ ပြီးခဲ့တဲ့ ဧပြီလ ၃ ရက်နေ့က မောက်မယ်မြို့နယ်အတွင်း မိုက်ရှားဆေးရွာအနီးမှာ ဒေါ်နော်ရီးလာဆိုသူကို ပြန်ပေးဆွဲပြီး ငွေကျပ် ၁၇သိန်းပေးမှ ပြန်လွှတ်ပေးခဲ့ပါတယ်။ ဧပြီလ၉ရက်နေ့မှာလည်း လဲချားမြို့နယ်အတွင်းရှိ ဝမ်ကန့်ရွာမှ ဦးလုံးမုတိဆိုသူကို ဝင်ရောက်ဖမ်းဆီးပြန်ပေးဆွဲသွားခဲ့ပါတယ်။

၂၃-၅-၂၀၀၅ ရက်နေ့က ကွန်ဟိန်းမြို့နယ် ဝမ်းလော့ကျေးရွာမှ ရွာသား ရှစ်ဦးကိုလည်းကောင်း၊ ၂၄-၅-၂၀၀၅ရက်နေ့က ကွန်ဟိန်းမြို့နယ် ဆိုင်းခေါင်ကျေးရွာမှ ရွာသား ၁၀ဦးကိုလည်းကောင်း အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်ပြီး SSA လူသစ်များအဖြစ် စုဆောင်းခဲ့ကြောင်း သတင်းများရရှိခဲ့ပါတယ်။

၃၀-၅-၂၀၀၅ ရက်နေ့ကလဲ SSA ရှက်ဆစ်အဖွဲ့မှ အကြမ်းဖက် အဖျက်သမားများဟာ လင်းခေးခရိုင် မိုးနဲမြို့နယ် နမ့်ဟူးကျေးရွာမှ ရွာသား ခြောက်ဦးကို အဓမ္မဖမ်းဆီးပြီး လူသစ်အဖြစ် စုဆောင်းခေါ်ယူသွားရာမှာ ရွာသားတစ်ဦးသာ ပြန်လည်ထွက်ပြေးလွတ်မြောက်လာကြောင်း သိရပါတယ်။

အခုဖော်ပြခဲ့တာတွေဟာ ကျွန်တော်တို့ သိရှိသတင်းရရှိသလောက် SSA ရှက်ဆစ်အဖွဲ့ရဲ့ လတ်တလောကျူးလွန်နေတဲ့ အဓမ္မအကြမ်းဖက်အဖျက်လုပ်ရပ်များပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ သတင်းမရ မသိတာတွေ အများအပြားရှိနေနိုင်ပါသေးတယ်။ ဒါ့ကြောင့် မကြာသေးခင်ကမှ SSA (တောင်ပိုင်း)ဆိုပြီး အမည်ခံခဲ့တဲ့ SURA တစ်ဖြစ်လဲ အကြမ်းဖက်အဖျက်သမား (Terrorist) ရှက်ဆစ်အဖွဲ့ရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို ရင်နဲ့မမျှအောင် ခံစားနေရတဲ့ တိုင်းရင်းသားပြည်သူတွေကတော့ ဘယ်လိုနည်းနဲ့မျှ မေ့ပျောက်လို့ ရနိုင်မယ် မဟုတ်ဘူးလို့ ပြောကြားလိုပါတယ်။

ရှက်ဆစ်တို့အဖွဲ့လုပ်ဆောင်ခဲ့တဲ့ အကြမ်းဖက်လုပ်ရပ်များထဲမှအချို့ကို ထုတ်နုတ် တင်ပြရရင် ၁၉၉၆ခုနှစ် အောက်တိုဘာလ ၂၄ရက်နေ့မှာ မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ဒေဝူးအထည်အရောင်းခန်းမအဝင်ဝ ပန်းခုံပေါ်မှ ချိန်ကိုက်မိုင်းတစ်လုံး၊ နိုဝင်ဘာလ ၃ရက်နေ့မှာ ၎င်းလမ်းဘေး ရေနုတ်မြောင်းအတွင်းမှ ချိန်ကိုက်မိုင်းတစ်လုံး၊ ၁၉၉၇ ခုနှစ် ဩဂုတ်လ ၂၉ ရက်နေ့မှာ မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် ချမ်းမြေ့ရွှေပြည်ဟိုတယ်ရဲ့တောင်ဘက် ပန်းရုံတန်းကြားမှာ ချိန်ကိုက်မိုင်းလေးလုံးကို အချိန်မီတွေ့ရှိဖြုတ်သိမ်းနိုင်ခဲ့ပါတယ်။ အဲဒီလို ပြည်သူတွေကို သေဆုံးဒဏ်ရာရရှိအောင် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆





ဇွန် ၁၂ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီက ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ (၅/၂၀၀၅)တွင်ပြသထားသော Shans in Solidarity အဖွဲ့ ဖွဲ့စည်းမှု မှတ်တမ်းဓာတ်ပုံကို တွေ့ရစဉ်။ (သတင်းစဉ်)

အကြမ်းဖက်လုပ်ရပ်များကို အပြည့်အဝ လုံခြုံရေးစစ်ဆေးမှုများကို အနှောင့်အ

ကောလာဟလ ထုတ်လွှင့်သူများ တွေ့ရှိပါက အရေးယူနိုင်ရေးအတွက် သတင်းပေးပို့

☆ စာမျက်နှာ ၇ မှ

ချိန်ကိုက်ဗုံးဖောက်ခွဲရန် ကြံစည်လုပ်ဆောင်ခဲ့သူတွေဟာ ရွက်ဆစ်ဦးစီးတဲ့ ဘိန်းမှောင်ခိုအကြမ်းဖက်အဖွဲ့ကပဲ ဖြစ်ပါတယ်။

၁၉၉၇ခုနှစ် ဇန်နဝါရီလ ၁၈ရက်နေ့မှာ ရွက်ဆစ်ဦးစီးတဲ့ အကြမ်းဖက်အဖျက်သမားအဖွဲ့မှ အင်အား ၂၀ခန့်ဟာ ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့နယ် မီးသွေးကုန်းရွာသို့ ဝင်ရောက်ပြီး နေအိမ်ငါးလုံးကို မီးရှို့ရုံမက လက်နက်များနဲ့ အကြောင်းမဲ့ပစ်ခတ်ခဲ့လို့ အပြစ်မဲ့ရွာသား ကလေး၊ လူကြီး ၁၃ဦး သေဆုံးပြီး ရှစ်ဦး ဒဏ်ရာရရှိခဲ့ပါတယ်။

အလားတူ ၁၉၉၇ခုနှစ် ဇန်နဝါရီလ ၂၁ရက်မှာ ရွက်ဆစ်ရဲ့ အကြမ်းဖက်အဖျက်သမားအဖွဲ့ဝင် ၂၀ ခန့်ဟာ နမ့်စန်မြို့ ရပ်ကွက်(၆)မှ မီးသွေးလာဖုတ်သော အရပ်သား ၂၁ ဦးကို တောထဲမှာ အကြောင်းမဲ့ ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့ပြန်ပါတယ်။

၁၉၉၇ခုနှစ် ဇွန်လ ၁၇ရက်နေ့မှာ ရွက်ဆစ်ဦးစီးတဲ့ ဘိန်းမှောင်ခိုအကြမ်းဖက် အဖျက်သမားအဖွဲ့ဝင် ၄၀ခန့်ဟာ ကွန်ဟိန်း-ကျိုင်းတုံ ကားလမ်းပေါ်မှာ ခရီးသွားမော်တော်ယာဉ်အစီး ၃၀ကို ရပ်တန့်ခိုင်းပြီး ဆက်ကြေးငွေကောက်ခံရုံမကဘဲ ယာဉ်ပေါ်ပါခရီးသည်များကို အကြောင်းမဲ့ ပစ်ခတ်သတ်ဖြတ်ခဲ့လို့ ခရီးသည် ၂၅ ဦး သေဆုံးပြီး ငါးဦး ဒဏ်ရာရရှိခဲ့ပါတယ်။

၁၉၉၇ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့မှာ မန္တလေးမြို့ရှိ မောင်ကိန်းရွှေဆိုင်သို့ ငွေကျပ် ၅၀၀ တန် အတုများဖြင့် ရွှေလာဝယ်ယူသူ တစ်ဦးကို ဖမ်းဆီးရမိခဲ့လို့ ၎င်းတည်းခိုနေထိုင်တဲ့ မန္တလေးချမ်းမြသာစည်ရပ်ရှိ ဦးမောင်စိန်အိမ်ကို ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ရာမှာ ငွေကျပ် ၅၀၀ တန် ငွေစက္ကူအတု ၁၀ သိန်းဖိုးနဲ့ ယမ်းပျော့လေးတုံး၊ ယမ်းကြိုး ၅၈ပေ၊ လျှပ်စစ်ဒီတိုနေတာ ၁၃ခု၊ ဘက်ထရီအားသွင်းစက် နှစ်လုံး၊ စကားပြောစက်နှင့် ဝါယာကြိုးများကို သိမ်းဆည်းရမိခဲ့ပါတယ်။ ဖမ်းဆီးရမိသူများအား စစ်ကြောချက်အရ မန္တလေးမြို့မှာ အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရေးလုပ်ဆောင်ဖို့ ရွက်ဆစ်ဦးစီးတဲ့ အကြမ်းဖက်အဖျက်သမားအဖွဲ့က စေလွှတ်စီစဉ်ခဲ့ခြင်း ဖြစ်ကြောင်း ဖော်ထုတ်သိရှိရပါတယ်။

ထို့အတူ ရွက်ဆစ်ဦးစီးတဲ့ အကြမ်းဖက်အဖျက်သမားအဖွဲ့ဟာ ၁၉၉၈ ခုနှစ် မေလ ၂၁ ရက်နေ့က မန္တလေးမြို့ မြို့မရပ်ရှင်ရုံအတွင်း ထိုင်ခုံအမှတ် (၁၇/၁၈)နေရာမှာ ချိန်ကိုက်မိုင်းတစ်လုံး ဖောက်ခွဲခဲ့လို့ ပြည်သူတစ်ဦး သေဆုံးပြီး ၁၁ ဦး ဒဏ်ရာရရှိခဲ့ပါတယ်။

၁၉၉၈ ခုနှစ် အောက်တိုဘာလ ၁၈ ရက်နေ့မှာ ရွက်ဆစ်ရဲ့အဖွဲ့ဝင် အကြမ်းဖက် အဖျက်သမား ၁၀ဦးခန့်ဟာ ပင်လုံ-လဲချားကားလမ်း ကျောက်တောင်ရွာအနီးရှိ ကျောက်ခွဲလုပ်သားများနေတဲ့ ယာယီတဲများသို့ ရောက်ရှိလာပြီး ကျောက်ခွဲအလုပ်သမားခြောက်ဦးကို ဓားများ၊ တုတ်များနဲ့ အကြောင်းမဲ့ ရိုက်နှက် သတ်ဖြတ်သွားခဲ့ပါတယ်။

၂၀၀၀ပြည့်နှစ် ဇန်နဝါရီ ၃ ရက်နေ့ ည ၁၂ နာရီခန့်က မိုင်းရှူးရတနာမြေ လုပ်ကွက်အမှတ်(လ/၁၆)နဲ့ (လ/၁၉)တို့မှာ ပေါက်ကွဲမီးလောင်မှုဖြစ်ပွားခဲ့လို့ အလုပ်သမား ၁၂၀ ကျော်သေဆုံးပြီး ၅၀ ကျော်ဒဏ်ရရှိကာ ပျက်စီးဆုံးရှုံးမှုတန်ဖိုး စုစုပေါင်းသိန်းပေါင်း ၂၅၀၀ ကျော် ရှိခဲ့ပါတယ်။ ၂၀၀၂ ခုနှစ်အတွင်း အလင်းဝင်ရောက်လာတဲ့ ရွက်ဆစ်အဖွဲ့မှ တပ်စုမှူးအဆင့်ရှိ အိုက်မောင်းရဲ့ ထွက်ဆိုချက်အရ အဆိုပါ မိုင်းရှူးရတနာမြေ ပေါက်ကွဲမီးလောင်မှုဟာ အကြမ်းဖက်အဖျက်သမား ရွက်ဆစ်ရဲ့ ယုတ်မာရက်စက်သော အစီအစဉ်ဖြစ်ကြောင်း သိခဲ့ရပါတယ်။

၂၀၀၁ ခုနှစ် မေလ ၄ ရက်နေ့က မန္တလေးမြို့ ဈေးချိုအနောက်ဘက် (G)ရုံအနီး စက်ဘီးများထားရှိသောနေရာမှာ ပလတ်စတစ်အိတ်နဲ့ထည့်ထားတဲ့ မသင်္ကာဖွယ် အထုပ်တစ်ထုပ်ကို တွေ့ရှိလို့ လုံခြုံရေးတာဝန်ရှိသူများက စစ်ဆေးရာ ချိန်ကိုက်မိုင်းဖြစ်နေပါတယ်။ အဲဒီမိုင်းကို ရှင်းလင်းရန် စီစဉ်ဆောင်ရွက်နေစဉ် ပေါက်ကွဲခဲ့လို့ အနီးအနားရှိ လူ ၃၄ ဦး မှန်ကွဲစ ထိမှန်ဒဏ်ရာရရှိခဲ့ပါတယ်။ အဲဒီအကြမ်းဖက်အဖျက်လုပ်ရပ်ဟာလည်း ရွက်ဆစ်တို့အဖွဲ့ရဲ့ လက်ချက်ပဲဖြစ်ပါတယ်။

ရွက်ဆစ်ဦးစီးတဲ့ အကြမ်းဖက်အဖျက်သမားတွေဟာ အဲ့ဒီဖြစ်စဉ်များအပါအဝင် မိမိတို့ရရှိတဲ့စာရင်းအရ ၁၉၉၆ ခုနှစ်မှစပြီး အကြမ်းဖက်လုပ်ရပ် ၃၀ ကျော်ကို ကျူးလွန်ခဲ့လို့ အပြစ်မဲ့ပြည်သူ ၂၂၀ ကျော်သေဆုံးခဲ့ပြီး ၁၄၀ ကျော် ဒဏ်ရာရရှိခဲ့ပါတယ်။ ဒါဟာ မိမိတို့ သိရှိစာရင်းရသလောက်သာ ဖြစ်ပါတယ်။ မိမိတို့ မသိတာတွေ အများအပြားရှိနိုင်ပါသေးတယ်။ ဒီအထောက်အထားတွေကိုလည်း သတင်းစာဆရာကြီးများ လေ့လာနိုင်အောင် ဘုတ်မှာ ကပ်ပေးထားပါတယ်။ အဲဒီလုပ်ရပ်တွေကိုကြည့်ရင် ရွက်ဆစ်ဦးစီးတဲ့အဖွဲ့ဟာ SURA အမည်ခံသည်ဖြစ်စေ၊ SSA (တောင်ပိုင်း)အမည်ခံသည်ဖြစ်စေ အကြမ်းဖက်အဖျက်လုပ်ရပ်များကိုသာ အစဉ်တစိုက်ပြုလုပ်နေတဲ့ အဖွဲ့ဖြစ်ကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။

သတင်းစာဆရာကြီးများခင်ဗျား

SSA ရွက်ဆစ်ဟာ အဲဒီလို အကြမ်းဖက်လုပ်ရပ်များ၊ အတင်းအဓမ္မလူသစ်စု၊ ဆက်ကြေးကောက်၊ ဓားပြတိုက်လုပ်ရပ်များကို ရက်ရက်စက်စက် ကျူးလွန်နေရုံသာမက ဘိန်းကုန်ကူးခြင်းနဲ့ မူးယစ်ဆေးဝါးများ ထုတ်လုပ်ရောင်းချမှုများကိုလည်း လျှို့ဝှက်လုပ်ကိုင်ပြီး ကိုယ်ကျိုးရှာလျက်ရှိပါတယ်။

သာဓကပြရရင် ၅-၃-၂၀၀၅ ရက်နေ့မှာ ထိုင်းနိုင်ငံရဲ့တပ်ဖွဲ့က SSA ရွက်ဆစ်ရဲ့ သက်တော်စောင့်လူယုံဖြစ်တဲ့ စိုင်းထွန်း(ခေါ်) နိုင်ထွန်းဝိဝပ်ရန်အရန်ကို အလေးချိန် ၈၂ကီလိုရှိတဲ့ ဘိန်းဖြူထုပ် ၁၇၄ထုပ်နဲ့အတူ ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်အနီးမှာ ဖမ်းဆီးရမိခြင်းပဲ ဖြစ်ပါတယ်။ စိုင်းထွန်း(ခေါ်) နိုင်ထွန်းဝိဝပ်ရန်အရန်ကိုယ်တိုင်က ၎င်းဟာ S…
SSA ရွက်ဆစ်ရဲ့ သက်တော်စောင့်တစ်ဦးဖြစ်…
အလားတူ နယ်စပ်ဒေသ စောင့်ကြည့်သူတ…
နိုင်ထွန်းဝိဝပ်ရန်အရန်ဟာ SSA ရွက်ဆစ်အရ…
အကာအကွယ်ပေးနေတဲ့ ရွက်ဆစ်ရဲ့ အယ…
ဖြစ်တယ်လို့ အခိုင်အမာပြောကြားခဲ့ပါတယ…
၂၀၀၅ ရက်နေ့က ကျင်းပတဲ့ သတင်းစာ…
အကျယ်တဝင့် ရှင်းလင်းခဲ့ပြီးဖြစ်ပါတယ်။ အခု…
ဆက်စပ်လေ့လာနိုင်အောင် အဲ့ဒီအထောက်…
ကပ်ပေးထားပါတယ်။

ဖော်ပြပါသတင်းဖြစ်စဉ်တွေအရ ယခုရွက်…
SSA အဖွဲ့ဟာ ရှမ်းပြည်လွတ်မြောက်ရေးဆို…
စွပ်ကာ တစ်ဖက်က အကြမ်းဖက် ဖောက်ခွဲ…
ဆက်ကြေးကောက်ခြင်းများ၊ မူးယစ်ဆေးဝါ…
ရှာမှုများ ဆက်တိုက် ကျူးလွန်ဆောင်ရွက်နေ…
လိုပါတယ်။

သတင်းစာဆရာကြီးများခင်ဗျား

အခု ကျွန်တော်ရှင်းလင်းပြောကြားခဲ့…
ကြည့်ရင် အကြမ်းဖက်ဝါဒကို သဲကြီးမဲ…
တရားမဝင် မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်း…
ပါတယ်လို့ ကြွေးကြော်ထားတဲ့ အင်အာ…
သတင်းဌာနတွေဟာ ကမ္ဘာ့ပြည်သူတွေသ…



ဇွန် ၁၂ ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီက ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ (၅/၂၀၀၅)တွင် ပြသထားသော SSNA စိုင်းရီနှင့် SSA ရွက်ဆစ်တို့ ပူးပေါင်းမှုနှင့်စပ်လျဉ်းသည့် မှတ်တမ်းဓာတ်ပုံများကို တွေ့ရစဉ်။ (သတင်းစဉ်)



အမြန်ဆုံး အကြောင်းကြား အသိပေး

ပြည်သူများအနေဖြင့် မိမိတို့၏ ရပ်ကွက်နယ်မြေများအတွင်း တွင်လည်းကောင်း၊ နိစ္စဓူဝ သွားလာလုပ်ကိုင် ဆောင်ရွက်ကြရာတွင်လည်းကောင်း မသင်္ကာဖွယ်ဖြစ်သော လူစိမ်းများ၊ ပစ္စည်းများ၊ လှုပ်ရှားဆောင်ရွက်မှုများ၊ မဟုတ်မမှန် ကောလာဟလ လုပ်ကြံထုတ်လွှင့်မှုများကို တွေ့ရှိကြားသိရပါက တာဝန်ရှိသူများထံ အမြန်ဆုံး အကြောင်းကြား အသိပေး။

များကို အပြည့်အဝ ကာကွယ်တားဆီးနိုင်ရန် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ရန် အထူးလိုအပ်
များကို အနှောင့်အယှက်ဖြစ်သည်ဟု သဘောမထားဘဲ နားလည်စွာဖြင့် ပူးပေါင်းဆောင်ရွက်

နိုင်ထွန်းဝိဝပ်ရန်အရန်ကိုယ်တိုင်က ၎င်းဟာ SSAဗိုလ်ကြီးအဆင့် ရှိသူဖြစ်ပြီး SSA ရွက်ဆစ်ရဲ့ သက်တော်စောင့်တစ်ဦးဖြစ်တယ်လို့ ဝန်ခံထွက်ဆိုခဲ့ပါတယ်။ အလားတူ နယ်စပ်ဒေသ စောင့်ကြည့်သူတစ်ဦးကလည်း စိုင်းထွန်း(ခေါ်) နိုင်ထွန်းဝိဝပ်ရန်အရန်ဟာ SSA ရွက်ဆစ်အနား၌ အမြဲတမ်းနေပြီး ရွက်ဆစ်ကို အကာအကွယ်ပေးနေတဲ့ ရွက်ဆစ်ရဲ့ အယုံကြည်ရဆုံး သက်တော်စောင့် ဖြစ်တယ်လို့ အခိုင်အမာပြောကြားခဲ့ပါတယ်။ ဒီအကြောင်းတွေကို ၁၅-၃-၂၀၀၅ ရက်နေ့က ကျင်းပတဲ့ သတင်းစာရှင်းလင်းပွဲ(၂/၂၀၀၅)မှာလည်း အကျယ်တဝင့် ရှင်းလင်းခဲ့ပြီးဖြစ်ပါတယ်။ အခုလည်း သတင်းစာဆရာကြီးများ ဆက်စပ်လေ့လာနိုင်အောင် အဲ့ဒီအထောက်အထားများကို ဘုတ်မှာ ထပ်မံကပ်ပေးထားပါတယ်။

ဖော်ပြပါသတင်းဖြစ်စဉ်တွေအရ ယခုရွက်ဆစ်နဲ့စိုင်းရီတို့ ပူးပေါင်းထားတဲ့ SSAအဖွဲ့ဟာ ရှမ်းပြည်လွတ်မြောက်ရေးဆိုပြီး အသံကောင်းဟစ်၊ မျက်နှာဖုံးစွပ်ကာ တစ်ဖက်က အကြမ်းဖက် ဖောက်ခွဲတိုက်ခိုက်မှုများ၊ အဓမ္မလူသစ်စု၊ ဆက်ကြေးကောက်ခြင်းများ၊ မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချ ကိုယ်ကျိုးရှာမှုများ ဆက်တိုက် ကျူးလွန်ဆောင်ရွက်နေတဲ့အဖွဲ့သာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

သတင်းစာဆရာကြီးများခင်ဗျား

အခု ကျွန်တော်ရှင်းလင်းပြောကြားခဲ့တာတွေကို ခြုံငုံဆက်စပ် သုံးသပ်ကြည့်ရင် အကြမ်းဖက်ဝါဒကို သဲကြီးမဲကြီး တိုက်ဖျက်နေတယ်ဆိုတဲ့၊ တရားမဝင် မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းချမှုကို သဲကြီးမဲကြီး တိုက်ဖျက်နေပါတယ်လို့ ကြွေးကြော်ထားတဲ့ အင်အားကြီးနိုင်ငံအချို့နဲ့ လက်ဝေခံသတင်းဌာနတွေဟာ ကမ္ဘာ့ပြည်သူတွေသဘောကျလောက်တဲ့ ရည်ရွယ်ချက်တွေကို ရှေ့တန်းတင်ဗန်းပြပြီး ချစ်သူကိုသာစေ၊ မုန်းသူကိုနာစေဆိုတဲ့ မလိုတစ်မျိုး လိုတစ်မျိုး နှစ်ဖက်ခွဝါဒနဲ့ သူတို့ရဲ့အကျိုးစီးပွားသက်သက်အတွက် ဘက်လိုက်ဆောင်ရွက်နေကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။

ဒီနေရာမှာ အကြောင်းအရာချင်း ဆက်စပ်နေတာမို့ အမေရိကန်နိုင်ငံခြားရေးဌာနက ၂၀၀၅ခုနှစ် ဇွန်လမှာထုတ်ပြန်ခဲ့တဲ့ ပဥ္စမအကြိမ်မြောက် လူကုန်ကူးမှုအစီရင်ခံစာနဲ့ စပ်လျဉ်းပြီး ရှင်းလင်းပြောကြားလိုပါတယ်။

အဲ့ဒီအစီရင်ခံစာကိုကြည့်ရင် လူကုန်ကူးမှုဆိုင်ရာ တိုက်ဖျက်ရေးအတွက် မြန်မာနိုင်ငံရဲ့ ကောင်းမြတ်သောစေတနာမှန်နဲ့ အားထုတ်ကြိုးပမ်း ဆောင်ရွက်မှုတွေ၊ အိမ်နီးချင်းနိုင်ငံတွေနဲ့ ပူးပေါင်းပြီး အားတက်သရော ဖော်ဆောင်မှုတွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ လက်တွဲပြီး ပိုမိုပီပြင်အောင် လုပ်ဆောင်မှုတွေကို လုံးဝဥပေက္ခာပြု လျစ်လျူရှုပြီး တစ်ဖက်သတ်ဖိအားပေး စွပ်စွဲထားတာကို သတင်းစာဆရာကြီးများ လေ့လာတွေ့ရှိပါလိမ့်မယ်။

ဒါကြောင့်မို့ ၉-၆-၂၀၀၅ ရက်နေ့မှာ မြန်မာနိုင်ငံအစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာနက အမေရိကန်နိုင်ငံခြားရေးဌာနမှ ယခုထုတ်ပြန်ခဲ့တဲ့ လူကုန်ကူးမှုအစီရင်ခံစာဟာ ဓမ္မဓိဋ္ဌာန်မကျရုံသာမက ရည်ရွယ်ချက်နဲ့ လွဲချော်နေသဖြင့် လုပ်ငန်းစဉ်တိုးတက်ရေးအတွက် အထောက်အကူမဖြစ်စေကြောင်း၊ အစီရင်ခံစာပါ မြန်မာနိုင်ငံနှင့် ပတ်သက်၍ ဖော်ပြထားမှုများဟာ ရှေ့နောက်

ဇွန် ၁၂ ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီက ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ (၅/၂၀၀၅)တွင် ပြသထားသော နယ်စပ်တွင် အခြေပြုပြီး အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်နေသည့် အဖွဲ့အစည်းများ၏ မှတ်တမ်းဓာတ်ပုံများကို တွေ့ရစဉ်။ (သတင်းစဉ်)



မဆီလျော်ဘဲ ဝိရောဓိဖြစ်နေကြောင်းကို အချက်အလက် အထောက်အထားများနဲ့တကွ သတင်းထုတ်ပြန်ချက်တစ်ရပ်ထုတ်ပြန်ပြီး ဝေဖန်သုံးသပ် ဖော်ပြထားပါတယ်။

ဒီနေ့သတင်းစာရှင်းလင်းပွဲကို တက်ရောက်လာကြတဲ့ သတင်းစာဆရာကြီးများနဲ့ စာနယ်ဇင်းသမားအားလုံးဟာ မြန်မာနိုင်ငံရဲ့သတင်းလောကမှာ ကျင်လည်နေသူများဖြစ်ကြပါတယ်။ ဒါကြောင့်မို့ လူကုန်ကူးမှုကို မြန်မာနိုင်ငံအနေနဲ့ လျစ်လျူရှု မျက်ကွယ်ပြုထားခြင်း မရှိသလို အဲ့ဒီလိုဆိုးရွားသော ရာဇဝတ်မှု ကျူးလွန်နေသူများကို တိုက်ဖျက်ချေမှုန်းဖို့ အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိတာကို သတင်းစာဆရာကြီးများ အသိဆုံးပဲဖြစ်ပါလိမ့်မယ်။

အမေရိကန်နိုင်ငံခြားရေးဌာနအနေနဲ့ လူကုန်ကူးမှုတိုက်ဖျက်ရေးနဲ့ စပ်လျဉ်းပြီး မြန်မာနိုင်ငံရဲ့ ခိုင်မာသောသန္နိဋ္ဌာန်နဲ့ စွမ်းဆောင်အောင်မြင်မှုတွေကို တမင်သက်သက် ဥပေက္ခာပြုနေခြင်းဟာ အမှန်တရားကိုလိုလားတဲ့ လူ့အဖွဲ့အစည်းမှာ ကောင်းကျိုးချမ်းသာတရားများသာ ပွားများစေလိုတဲ့ ကမ္ဘာ့ပြည်သူတစ်ရပ်လုံးအတွက်တော့ ဝမ်းနည်းဖွယ်ရာများသာ ဖြစ်နေပါတယ်။

ဒါကြောင့်မို့ အမေရိကန်နိုင်ငံခြားရေးဌာနကထုတ်ပြန်တဲ့ လူကုန်ကူးမှုအစီရင်ခံစာမှာ အမေရိကန်ကွန်ဂရက်ရဲ့ လူကုန်ကူးခံရသူများ ကာကွယ်မှုဥပဒေ (Trafficking Victims Protection Act-TVPA) နဲ့ ညီညွတ်မှုမရှိတဲ့ နိုင်ငံများအနက် မြန်မာနိုင်ငံအား အနိမ့်ဆုံးအဆင့်ဖြစ်တဲ့ အဆင့်(၃) သတ်မှတ်ခြင်းကို မြန်မာနိုင်ငံအစိုးရက ကန့်ကွက်ကြောင်း အခုလို သတင်းထုတ်ပြန်ခဲ့ခြင်းပဲ ဖြစ်တယ်လို့ ရှင်းလင်းပြောကြားလိုပါတယ်။

သတင်းစာဆရာကြီးများခင်ဗျား

ပြီးခဲ့တဲ့ သတင်းစာရှင်းလင်းပွဲ(၄/၂၀၀၅)မှာ ကျွန်တော့်အနေနဲ့ ပြည်ပဆရာကြီးများနဲ့ အပေါင်းပါ အကြမ်းဖက်အဖျက်သမား(Terrorist)အုပ်စုများဟာ မြေပေါ်တိုက်ခိုက်ရေးအစီအမံ၊ မြေအောက်တိုက်ခိုက်ရေးအစီအမံ၊ ပြည်ပြေးတိုက်ခိုက်ရေးအစီအမံတို့နဲ့ နိုင်ငံတော်အား သုံးဖက်သုံးတန် ညှပ်တိုက်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ပါတယ်။

ယခုအခါမှာလည်း ဒီအကြမ်းဖက် အဖျက်အမှောင့်သမားတွေဟာ ၇-၅-၂၀၀၅ ရက်နေ့က ဗုံးဖောက်ခွဲတိုက်ခိုက်မှုများနဲ့ ဆက်စပ်ပြီး ကောလာဟလသတင်းများထုတ်လွှင့်ကာ တိုင်းပြည်တည်ငြိမ်မှုပျက်ပြားအောင်၊ ပြည်သူများ စိုးရိမ်ထိတ်လန့်ပြီး အလုပ်အကိုင်ပျက်အောင်၊ ၎င်းတို့ အတ္တအကျိုးအတွက် ကုန်ဈေးနှုန်းများကစားနိုင်အောင် ဆောင်ရွက်နေကြပြန်ပါတယ်။

ပြည်သူများရဲ့ လုံခြုံရေးနဲ့ပတ်သက်ပြီး နိုင်ငံတော်အစိုးရအနေနဲ့ စီမံချက်များချမှတ်ကာ နေ့/ည ကြိုးပမ်းဆောင်ရွက်လျက် ရှိပါတယ်။ အလားတူ ဌာနဆိုင်ရာများနဲ့ ကဏ္ဍအသီးသီးမှ ပုဂ္ဂလိကလုပ်ငန်းရှင်များကလည်း လုံခြုံရေးအစီအမံများကို အလေးထား ချမှတ်ဆောင်ရွက်လျက်ရှိကြပါတယ်။

ဆရာ၊ ဆရာမများနဲ့ တာဝန်ရှိသူများကလည်း စာသင်ကျောင်းများမှာ ကျောင်းသား၊ ကျောင်းသူများ လုံခြုံမှုရှိစေရေးအတွက် လုံခြုံရေးအစီအမံများဖြင့် ကြပ်မတ်ဆောင်ရွက်လျက် ရှိပါတယ်။

သို့သော်လည်း အကြမ်းဖက်အဖျက်သမားများဟာ ပြည်သူများကဲ့သို့ အသွင်ဆောင်ပြီး တစ်ဦးချင်း၊ တစ်ယောက်ချင်း လျှို့ဝှက်သွားလာဝင်ထွက်၍ အကြမ်းဖက်လုပ်ငန်းများကို လုပ်ဆောင်နေခြင်းဖြစ်လို့ ထိုအကြမ်းဖက်လုပ်ရပ်များကို အပြည့်အဝ ကာကွယ်တားဆီးနိုင်ရန်မှာ ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ရန် အထူးလိုအပ်ပါတယ်။

သို့ပါ၍ ပြည်သူများအနေဖြင့် ကောလာဟလသတင်းများကို ယုံကြည်ခြင်းမရှိကြရန်နဲ့ ကောလာဟလထုတ်လွှင့်သူများကို တွေ့ရှိပါက အရေးယူနိုင်ရေးအတွက် သတင်းပေးပို့ကြရန်၊ ထိုကောလာဟလသတင်းများကြောင့် မိမိတို့၏သားသမီးများကို စာသင်ကျောင်းများမှ ပြန်လွှတ်ပေးဖို့ တောင်းဆိုခြင်းများမပြုလုပ်ကြရန်၊ ထိုသို့တောင်းဆိုခြင်းကြောင့် လုံခြုံရေးထက် အခြားမလိုလားအပ်သော အားနည်းချက်များဖြစ်ပေါ်လာနိုင်သည်ကို သတိပြုကြရန်နဲ့ တာဝန်ရှိသူများရဲ့ လုံခြုံရေးစစ်ဆေးဆောင်ရွက်ပေးမှုများကိုလည်း အနှောင့်အယှက်ဖြစ်သည်၊ ကြန့်ကြာသည်ဟု သဘောမထားဘဲ အားလုံး၏ လုံခြုံရေးအတွက်ဖြစ်ကြောင်း နားလည်သဘောပေါက်စွာဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြပါရန် ပြောကြားလိုပါတယ်။

ထို့အပြင် ပြည်သူများအနေဖြင့် မိမိတို့၏ရပ်ကွက်နယ်မြေများ အတွင်းတွင်လည်းကောင်း၊ နိစ္စဓူဝသွားလာလုပ်ကိုင် ဆောင်ရွက်ကြရာတွင် လည်းကောင်း မသင်္ကာဖွယ်ဖြစ်သော လူစိမ်းများ၊ ပစ္စည်းများ၊ လှုပ်ရှားဆောင်ရွက်မှုများ၊ မဟုတ်မမှန် ကောလာဟလလုပ်ကြံ ထုတ်လွှင့်မှုများကို တွေ့ရှိကြားသိရပါက တာဝန်ရှိသူများထံ အမြန်ဆုံးအကြောင်းကြား အသိပေးကြပါလို့လည်း တိုက်တွန်းနှိုးဆော်အပ်ပါတယ်။

သတင်းစာဆရာကြီးများခင်ဗျား

တပ်မတော်ဟာ နယ်ချဲ့ဆန့်ကျင်ရေးနဲ့ အမျိုးသားလွတ်မြောက်ရေးအတွက် တိုင်းရင်းသားပြည်သူတွေရဲ့ ရင်နှစ်သည်းချာ သားကောင်းရတနာများဖြင့် စတင်မွေးဖွား သန္ဓေတည်ခဲ့တဲ့ မျိုးချစ်တပ်မတော် ဖြစ်ပါတယ်။ တပ်မတော်ဟာ မြန်မာ့မြေပေါ်ကို ဝင်ရောက်ကျူးကျော် သိမ်းပိုက်ခဲ့တဲ့ နယ်ချဲ့နဲ့ဖက်ဆစ်ကို တွန်းလှန်တိုက်ဖျက်ဖို့ ဖွဲ့စည်းထူထောင်ခဲ့တဲ့ အမျိုးသားတပ်မတော် ဖြစ်ပါတယ်။

လွတ်လပ်ရေးရပြီးနောက်ပိုင်း ကာလတစ်လျှောက်လုံးမှာလည်း နိုင်ငံတော်ကာကွယ်ရေးနဲ့ ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးအတွက် ပြည်တွင်းပြည်ပ အန္တရာယ်အသွယ်သွယ်ကို တွန်းလှန်ဖယ်ရှားနိုင်ခဲ့ပါတယ်။ အဲ့ဒီလို နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်ရာမှာ စစ်မြေပြင်ရဲ့ သဘောသဘာဝအရ ရင်ဆိုင်တိုက်ခိုက်ရတဲ့ရန်သူအပေါ် နေလိုမီးလို ကျင့်ခဲ့ပေမယ့် တိုင်းရင်းသားပြည်သူတွေအပေါ်မှာ ရေလိုလလို ကျင့်ခဲ့တာချည်းပဲ ဖြစ်ပါတယ်။

သမိုင်းစဉ်ရဲ့လိုအပ်ချက်အရ ၁၉၈၈ ခုနှစ်မှစတင်ပြီး နိုင်ငံတော်တာဝန်ကို ယူခဲ့ရချိန်တစ်လျှောက်လုံးမှာလည်း နိုင်ငံနဲ့ပြည်သူတွေရဲ့ အကျိုးစီးပွားများ ဘက်စုံကဏ္ဍစုံဒေသစုံမှာ ပွားစည်းထွန်းကားရေးအတွက် ဦးတည်ချက်၊ ရည်မှန်းချက်များ စနစ်တကျချမှတ်ပြီး ကျင့်သုံးဖော်ဆောင်ပေးလျက် ရှိနေပါတယ်။

ဒါကြောင့်မို့ ယနေ့အချိန်အခါမှာ နိုင်ငံတော်အစိုးရနဲ့ လက်တွဲပြီး တပ်မတော်နဲ့ သဘောညီမျှစွာဖြင့် နိုင်ငံနဲ့ပြည်သူ့အကျိုးကို တစ်ဖက်တစ်လမ်းက ပါဝင်သယ်ပိုးနေကြတဲ့၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာပြီးဖြစ်ကြတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ ငြိမ်းချမ်းရေးအဖွဲ့တွေအားလုံးအပေါ်မှာလည်း တိုင်းရင်းသားပြည်သူများအပေါ်ထားရှိတဲ့ တပ်မတော်ရဲ့ ပင်ကိုဗီဇသဘောထားအတိုင်း မိသားစုစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နဲ့ ရေလိုလလိုပဲ ငြိမ်းချမ်းအေးမြစွာ တစ်သွေးတစ်သားတည်း၊ တစ်သမတ်တည်း ရှိးသားဖြူစင်စွာ ပြုမူဆက်ဆံသွားမှာ ဖြစ်ပါတယ်။

ထို့အတူ ပြည်သူများရဲ့ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးအတွက် လည်းကောင်း၊ နိုင်ငံတော်ရဲ့ လုံခြုံရေးနဲ့ ကာကွယ်ရေးအတွက် လည်းကောင်း၊ နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိနေပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃-၆-၂၀၀၅
(တနင်္လာနေ့)
၁၃၆၇ ခုနှစ်၊ နယုန်လဆန်း
(၇)ရက်၊ (အဖိတ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၈:၀၅ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၈:၁၅ ၇။ အဆိုပြိုင်ပွဲ
၈:၂၅ ၈။ မန်းချောင်းတံတား
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Grammar Made Easy.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Practice in Reading.
၄:၄၅ ၄။ တေးသရုပ်ဖော်အစီအစဉ်
၄:၅၀ ၅။ တေးဂီတအစီအစဉ်
၅:၀၀ ၆။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၅:၁၅ ၇။ အကပဒေသာ
၅:၃၀ ၈။ လက်ဆင့်ကမ်းပေး ဂီတတေး
၅:၄၅ ၉။ အဆိုပြိုင်ပွဲ
၅:၅၀ ၁၀။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆိုအကများ
၆:၀၀ ၁၁။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၆:၁၀ ၁၂။ Discovery.
၆:၁၅ ၁၃။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "မျောက်မင်းဝူခုန်း" (အပိုင်း-၁၀၁)**
၆:၃၀ ၁၄။ ညနေခင်းသတင်း
၇:၀၀ ၁၅။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၆။ တေးဂီတအစီအစဉ်
၇:၂၀ ၁၇။ စက်မှုစွမ်းအားခေတ်ကျော်လွှား
၇:၃၀ ၁၈။ တေးဂီတအစီအစဉ်
၈:၀၀ ၁၉။ ပြည်တွင်းသတင်း
၂၀။ နိုင်ငံတကာသတင်းများ
၂၁။ မိုးလေဝသအခြေအနေ
၂၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဟောမန်ဆောင်း၏ ချစ်သံစဉ်" (အပိုင်း-၂၅)**
၂၃။ နောက်တစ်နေ့အစီအစဉ်
၂၄။ အစီအစဉ်ပြီး၏။

သီးနှံတွေ ဈေးအေးတာ နယ်စပ်ထွက်ပေါက်နဲ့မဆိုင်၊ ဈေးကွက်သဘောအတိုင်း ဖြစ်နေတာပဲဖြစ် လုံခြုံရေးအတွက် လုပ်သင့်လုပ်ထိုက်တာ လုပ်နေ၊ လုံခြုံရေးကြောင့် ကုန်သွယ်မှုမှာ ပြဿနာမရှိ

✤ စာမျက်နှာ ၅ မှ

**ပြန်ကြားရေးဝန်ကြီးဌာန
ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း**

ဦးမြတ်စိုးရဲ့ နောက်ဆုံးမေးခွန်းက နယ်စပ်မှာကုန်သွယ်မှုတွေ Flowမဖြစ်လို့လားလို့ ဒီလိုလေးမေးတဲ့ အပိုင်းတစ်ခု ပါပါတယ်။ အဲဒီလို သီးနှံတွေဈေးအေးတာဟာ နယ်စပ်ထွက်ပေါက်နဲ့ မဆိုင်ပါဘူး။ ဈေးကွက်ရဲ့ သဘောအတိုင်းဖြစ်နေတာပဲ ဖြစ်ပါတယ်။ ဒါတစ်ချက် ကျွန်တော်ပြောလိုပါတယ်။ နောက်တစ်ချက်က ကုန်သွယ်ရေးဟာ သူ့ဟာနဲ့သူ Flow ဖြစ်နေတယ်။ လုံခြုံရေးကတော့ နယ်စပ်မှာရော၊ ပြည်တွင်းမှာရော လုပ်သင့်လုပ်ထိုက်တာတွေကို လုပ်နေတယ်။ သို့သော် လုံခြုံရေးကြောင့် ကုန်သွယ်မှုမှာ ဘာမှပြဿနာမရှိပါဘူးဆိုတာကို ကျွန်တော်ပြောခဲ့ပြီးသားဖြစ်ပါတယ်။ လက်ရှိအခြေအနေကလည်းပဲ ဒီအတိုင်းပဲဖြစ်ပါတယ်။ သို့သော် ဒီနေရာမှာ သတင်းစာ ဆရာကြီးများ ပိုပြီးတော့ သိရှိနိုင်အောင် နယ်စပ်ကုန်သွယ်ရေးနဲ့ပတ်သက်ပြီး နည်းနည်းလေး ကျွန်တော်ထပ်ဖြည့်ပြီး ပြောလိုပါတယ်။ အားလုံးသိကြတဲ့အတိုင်းပါပဲ။ ကနေ့ ကျွန်တော်တို့ရဲ့ နယ်စပ်ကုန်သွယ်ရေးဟာ Normal Trade မဟုတ်ပါဘူး။ Normal Trade ဆိုတာကတော့ ကျွန်တော်တို့က ပစ္စည်းတွေရောင်းလိုက်ရင် နိုင်ငံခြားက FE ကို တကယ်ရတယ်။ နယ်စပ်မှာရောင်းဝယ်နေတဲ့ အနေအထားတွေမှာ ကျတဲ့အခါကျတော့ အဲဒီအပိုင်း အားနည်းမှုရှိတယ်။ ဒါကြောင့်မို့လို့ ကနေ့အခါမှာ တိုင်းပြည်နဲ့ လူမျိုးအကျိုးအတွက် နယ်စပ်ဒေသတွေမှာ ကြီးမားတဲ့ ကုန်သွယ်မှုတွေကိုဆိုရင် Border Trade ဆောင်ရွက်တဲ့နည်းစနစ်ကို Normal Trade သဘောမျိုး ဖြစ်လာအောင် ကြိုးစားနေတဲ့ အနေအထားရှိပါတယ်။ သို့သော်လည်းပဲ ဒါ့ကြောင့် ကုန်သွယ်ရေးရဲ့ Procedure လုပ်ဆောင်မှုတွေကို ဘာတစ်ခုမှ ထိခိုက်တာမရှိဘူးဆိုတာကို ပြောလိုပါတယ်။ ဒီလောက်ပါပဲ။

နီပွန်ကေဗိုင်းရှင်ဘွန်းမှ ဦးလှထွေး

ကျွန်တော်လှထွေးပါ။ ကျွန်တော့်မေးခွန်းက နှစ်ခုပါ။ အခုတစ်လကျော်သွားပြီ။ ကျွန်တော်တို့ မေလ ၇ ရက်နေ့က ဗုံးပေါက်တာ။ သူတို့နဲ့ ပတ်သက်ပြီးတော့ သူတို့ထဲက တစ်ယောက်ယောက်ဖြစ်စေ၊ သူတို့နဲ့ပတ်သက်နေတဲ့ လူတွေဖြစ်စေ၊ လက်ခံထားမိတဲ့လူတွေဖြစ်စေ၊ ဖမ်းဆီးရမိထားတာ ရှိပါသလား။ ဘယ်လောက်အထိ တိုးတက်လာသလဲ၊ ဒုတိယတစ်ခုကတော့ ဗုံးဖောက်တာတို့၊ ဗုံးခွဲတဲ့လူတွေကို ဖမ်းဆီးရမိဖို့ ပြည်သူလူထုရဲ့ အကူအညီဟာ၊ အဖြေဟာ အခရာပါ။ ဝန်ကြီးနဲ့ ကျွန်တော် သဘောတူပါတယ်။ အင်မတန် အဖိုးတန်ပါတယ်။ အဲဒီလိုပြောသွားတာ ကျွန်တော် သဘောပေါက်ပါတယ်။ ဒါဟာ လူတွေရဲ့ Contribution ဟာ ဒါ Crucial ပဲ ဆိုတဲ့သဘောပဲ။ အဲဒီတော့ အခု ကျွန်တော်မေးချင်တဲ့ မေးခွန်းကတော့ မြို့လုံးပတ်လည် ရန်ကုန်တစ်မြို့လုံး ဆင်ခြေဖုံးမြို့နယ်တွေမှာ အိမ်ထောင်ဦးစီးတွေကို သူ့အိမ်မှာ ဗုံးဖောက်ခွဲမယ့်လူမရှိပါဘူး။ ဗုံးဖောက်ခွဲမယ့် ပစ္စည်းတွေလည်း မရှိပါဘူးဆိုပြီးတော့ Identical Guarantee Paper ခေါ်မယ် ထင်တယ်။ တူညီတဲ့ ဝန်ခံအာမခံချက်တွေ အောက်ခြေကရဝတတို့၊ မဝတတို့က လိုက်ပြီး ထိုးခိုင်းနေပါတယ်။ အဲဒီတော့ အဲဒီလိုလိုက်ထိုးခိုင်းနေတဲ့ဥစ္စာ သူတို့အမြင်ကတော့ တည့်တည့်ပဲ ပြောမယ်ဆိုရင်တော့ Counter Productive လို့ ဒီလိုမြင်တယ်။ ဒါဟာ ကျွန်တော် ရှင်းရှင်းပဲပြောမယ်။ လူထုရဲ့ အကူအညီလိုချင်ရင် လူထုရဲ့ စေတနာဟာ အရေးကြီးပါတယ်။ ဒီလို Sign ထိုးခိုင်းဖို့ မလိုပါဘူး။ ဒီလိုလိုက်ထိုးခိုင်းနေတော့ အခုန ဝန်ကြီးပြောသွားတဲ့ လူထုပူးပေါင်းဆောင်ရွက်မှုနဲ့ ပတ်သက်ပြီးတော့တောင်မှ ထိခိုက်သွားနိုင်တယ်။

အဲဒီတော့ ဝန်ကြီးတို့၊ အခုန ပြည်ထဲရေးဝန်ကြီးတို့၊ ရဲချုပ်တို့ကို ကျွန်တော်တို့က အထက်အဆင့်လို့ သတ်မှတ်ပါတယ်။ အဲဒီတော့ အောက်ဆင့်က ဒါတွေလုပ်နေတာကို အထက်အဆင့်က သိပါသလား။ ဒါ(၁)ပါ။

(၂)က ဒီလိုလုပ်တာဟာ လူထုရဲ့ပါဝင်ကူညီမှု ပိုပြီးဖြစ်စေသလား၊ ဆုတ်ယုတ်သွားစေသလား၊ ဘယ်လိုသဘောထားပါသလဲ။ ကျေးဇူးတင်ပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ

ကျွန်တော်တို့ ဒီ ၇ရက်နေ့ ဗုံးပေါက်ကွဲတဲ့ကိစ္စနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ပြည်သူတွေ သတင်းပေးတာရော၊ ဖမ်းဆီးရမိ စစ်ကြောချက်အရရော ဒီအဖွဲ့အစည်းသည် ကျွန်တော်တို့ ကြိုတင် တင်ပြကြေညာထားတဲ့ အဖွဲ့အစည်းထဲက တစ်ဖွဲ့ဖြစ်ပါတယ်။ သို့သော်လည်း ဒီအဖွဲ့အစည်းရဲ့ ဝင်ရောက်တဲ့ လမ်းကြောင်းတွေ၊ ရန်ကုန်မြို့တွင်းမှာ နေထိုင်သွားတဲ့ အခြေအနေတွေ၊ ဖောက်ခွဲတဲ့ အခြေအနေတွေကို သိသော်လည်းပဲ တရားခံကို ကျွန်တော်တို့ ဘယ်သူဘယ်ဝါရယ်လို့ လက်ဆုပ်လက်ကိုင် ပြနိုင်တဲ့ အခြေအနေ မရှိသေးတဲ့အတွက်ကြောင့် ဒီလုပ်ငန်းသည် တိုးတက်မှုရှိနေသော်လည်း ပြည်သူကို တိတိကျကျ ရှင်းမပြနိုင်တဲ့ သဘောပဲဖြစ်ပါတယ်။ ဒါက တစ်ချက်ပါ။ နောက်တစ်ချက်က ကျွန်တော်တို့ အခုလို တရားခံကို တိတိကျကျ မပြနိုင်တဲ့အခါမှာ ကျွန်တော်တို့လုပ်နေတဲ့ နည်းတွေဟာ လူထုတွေ ပူးပေါင်းပါဝင်မှ ဖြစ်မယ်ဆိုတဲ့ အတွက်ကြောင့် ကျွန်တော် စောစောကတင်ပြခဲ့တဲ့ Community Policing နည်းကို ကျွန်တော်တို့လုပ်တယ်။ ပြည်သူတွေ ပူးပေါင်းပါဝင်လာအောင် နည်းမျိုးစုံနဲ့ ကျွန်တော်တို့ ဆောင်ရွက်တယ်။ နောက်တစ်ချက်ကလည်း ကျွန်တော်တို့ သက်ဆိုင်ရာနယ်မြေနယ်မြေတွေမှာ အခုလို ကျွန်တော်တို့မမိသေးတဲ့ တရားခံ၊ ကျွန်တော်တို့ မမိသေးတဲ့ ဗုံးဖောက်ခွဲတဲ့တရားခံ အချို့ဟာတွေသည် ပြန်လည်ပြီးတော့ ထွက်ခွာမှု မရှိသေးဘူးဆိုတဲ့ သတင်းမျိုးတွေလည်း တချို့က ရှိပါတယ်။ ထို့ကြောင့် ဒီပုဂ္ဂိုလ် ဒီအထဲမှာ ရှိနေတယ်၊ မရှိဘူးဆိုတာ ဒါ ကျွန်တော်တို့ အင်မတန်အရေးကြီးပါတယ်။ ဒါကြောင့်မို့လို့ ဒီပုဂ္ဂိုလ် ခိုနိုင်တဲ့နေရာတွေမှာ သက်ဆိုင်ရာ ရပ်ကွက်၊ မြို့နယ်အလိုက် ကိုယ့်ရဲ့နယ်မြေထဲမှာတော့ ဒီပုဂ္ဂိုလ်တွေ မရှိတော့ပါဘူးဆိုတာ၊ ကျွန်တော်ထင်ပါတယ်။ ဒီဥစ္စာက သာမန်ပြည်သူပြည်သား တစ်ယောက်အဖို့ သူ့ကို ထိန်းချုပ်တာမဟုတ်ဘဲနဲ့ သူ့နေရာမှာတော့ အခုလို ဗရုတ်သုတ်ခလုပ်တဲ့ ပုဂ္ဂိုလ်တစ်ယောက် ဗုံးခွဲတဲ့ပုဂ္ဂိုလ်တစ်ယောက် မရှိပါဘူး။ ဒီရပ်ကွက်ကလည်း မရှိဘူး၊ ဒီရပ်ကွက်ကလည်းမရှိဘူး၊ ဒီရပ်ကွက်မှာလည်း မရှိဘူးဆိုရင် ကျွန်တော်တို့ နယ်မြေ Clear ရန်ကုန်မြို့မှာ Clear ပေးလိုက်တယ်ဆိုရင် အခြားဘယ်နေရာမှာရှိနိုင်မလဲ။ ဒါဟာ ကျွန်တော်တို့ လက်နက်ကိုင်တပ်ဖွဲ့တစ်ခုရဲ့ လုပ်နည်းလုပ်ဟန်အရ Search Compaign လုပ်တဲ့ သဘောပါပဲ။ ပြည်သူလူထု အပြည့်အဝ ပူးပေါင်းပါဝင်လာအောင် တာဝန်ယူတဲ့စနစ်မျိုး လုပ်တဲ့စနစ်တစ်ခု ဖြစ်ပါတယ်လို့ ဒီမှာ အသိပေးပြီးတော့ ဖြေကြားလိုက်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ရိုက်တာသတင်းဌာနမှ ဦးအောင်လှထွန်း

ဆုကြေး ကမ်းလှမ်းတာနဲ့ပတ်သက်ပြီး ပြည်သူပိုင် သတင်းစာတွေမှာ ဘာကြောင့် မဖော်ပြတာလဲ သိပါရစေ။

**ပြန်ကြားရေးဝန်ကြီးဌာန
ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း**

ခုသတင်းစာထဲမှာ ထည့်သည်ဖြစ်စေ၊ သတင်းစာထဲမှာ မထည့်သည်ဖြစ်စေ၊ တီဗွီမှာ မထည့်သည်ဖြစ်စေ လိုရင်းအချက်ကတော့ ဒီကိစ္စဟာ ပြည်သူတွေသိဖို့ Public က အကုန်လုံးသိဖို့သည်သာလျှင် အဓိကအချက်ပါ။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ ဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက တက်ရောက်လာသော သတင်းစာဆရာကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (ကြေးမုံ)

သတင်းစာနဲ့ တီဗွီက ထည့်ပြီးတော့ပဲသိသိ၊ တခြားနည်းလမ်းနဲ့ လုပ်လို့ပဲသိသိ ဒါအဓိက ဖြစ်ပါတယ်။ သတင်းစာတို့၊ တီဗွီတို့မှာထည့်လိုက်ခြင်းအားဖြင့် ကောင်းမွန်တဲ့အကျိုးတွေ အများကြီးရတာရှိသလို တစ်ခါတစ်ရံမှာ ထည့်လိုက်လို့ရှိရင် မလိုလားအပ်တဲ့ Negative Effect တွေ ရှိတတ်တာကြောင့်မို့ ကျွန်တော်ထိန်းပြီးတော့ လုပ်ဆောင်ခြင်းဖြစ်ပါတယ်။

ယူမီယူရီရှင်ဘွန်းမှ ဦးကိုကို

ကျွန်တော် ဝန်ကြီးတက်ရောက်ပြီးတော့ အမှာစကားပြောတဲ့ပွဲ နှစ်ပွဲတက်ရောက်ခွင့်ရခဲ့ပါတယ်။ အဲဒီပွဲ နှစ်ပွဲစလုံးမှာ ကျွန်တော်တို့ ပြန်ကြားရေးဝန်ကြီးအနေနဲ့ ဒီ မေ ၇ရက် ဗုံးပေါက်ကွဲမှုနှင့်ပတ်သက်ပြီး သေဆုံးတဲ့လူအရေအတွက်ကို ကျွန်တော်တို့ ပြောကြားသွားခဲ့တာကို ကျွန်တော် မှတ်မှတ်သားသား ရှိခဲ့ပါတယ်။ ကျွန်တော်ပဲ နားကြားလွဲသွားသလားတော့ မသိပါဘူး။ အဲဒီနှစ်ခုမှာ ပြောကြားတဲ့ သေဆုံးသူ အရေအတွက်နှစ်ခုက ကျွန်တော်မှတ်မိတဲ့ အချိန်မှာ နည်းနည်းလေးကွဲလွဲမှု ရှိနေတဲ့အတွက်ကြောင့် အကယ်၍များ ဖြစ်နိုင်မယ်ဆိုရင် ဒီနေ့ နောက်ဆုံး Latest အနေနဲ့ မေ ၇ရက်နေ့ ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးခဲ့သူ ဘယ်နှဦးရှိသွားပြီ၊ ဆေးဝါးကုသခံယူနေဆဲ ဘယ်နှဦးရှိသလဲ၊ နောက် ဆေးဝါးကုသပြီးလို့ မိမိအိမ်ကို ပြန်သွားတဲ့လူတွေ ဘယ်နှစ်ယောက်ရှိလဲဆိုတာ ကျွန်တော် အဲဒါ သိပါရစေခင်ဗျာ။

နောက်မေးခွန်းတစ်ခုကတော့ ကျွန်တော်တို့ ဇွန်၆ရက်နေ့မှာ ရန်ကုန်မြို့မှာ ကျွန်တော်တို့ အထက်တန်းကျောင်းကြီး နှစ်ကျောင်းမှာ ဗုံးပေါက်ကွဲတယ်ဆိုပြီး မသမာသူတွေကနေ ကောလာလဟ ထုတ်လွှင့်လိုက်တဲ့အတွက်ကြောင့် မိဘတွေတော်တော်လေး စိုးရိမ်ပူပန်၊ တယ်လီဖုန်းလိုင်းတွေလည်း အကုန်လုံး ရှုပ်ထွေး သွားပြီးတော့ ကျွန်တော်တို့လည်း ဟိုမေးရ မြန်းရ၊ ဒီမေးရမြန်းရ ဖြစ်တာလေးတွေ အားလုံးလည်း သိကြပါတယ်။ အဲဒီတော့ ကျွန်တော်တို့ဆီမှာ အဲဒီနောက်ပိုင်းမှာတော့ နိုင်ငံတော်က တရားဝင် ကောလာဟလ ထုတ်လွှင့်တဲ့ကိစ္စကို မယုံကြဖို့နဲ့ ကျွန်တော်တို့ ဒီကောလာဟလ ထုတ်လွှင့်သူတွေလည်း ဖော်ထုတ်ပေးဖို့ ပြောပြီးတဲ့နောက်ပိုင်းမှာတော့ ဒီတစ်နေ့တစ်မျိုးကြားရတဲ့ ကောလာဟလ သတင်းတွေကတော့ အတော်လေးငြိမ်သက်သွားတာ တွေ့ရပါတယ်။ ဒါပေမယ့် မသမာသူ အဖျက်အမှောင့်တွေကတော့ ထုံးစံအတိုင်းပဲ ကျွန်တော်တို့ သူတို့ကတော့ အခွင့်သာတဲ့ အချိန်ကို ချောင်းနေကြဦးမှာဖြစ်ပါတယ်။ အကယ်၍များ နောက်တစ်မျိုးသော ကောလာလဟတွေများ ထုတ်လွှင့်လာခဲ့သည်ရှိသော် ကျွန်တော်တို့က ကောလာဟလ ထုတ်လွှင့်တဲ့ အခါမှာ တစ်ယောက်တစ်လှည့်စီကြားရတဲ့ တယ်လီဖုန်းတွေနဲ့ ဟော့ မင်းကြားလားဟော့၊ ငါကြား လားဟော့လို့ ဟိုလူ့ဆက်လိုက်၊ ဒီလူ့ဆက်လိုက်နဲ့ ပြီးသွားတာများတဲ့အခါမှာ ကျွန်တော်တို့ တရားဝင် ဒီကောလာဟလ ဟုတ်၊ မဟုတ် ဆိုတာကို Confirmation ပေးနိုင်တဲ့ ကျွန်တော်တို့ Anti Rumour Hotline တစ်ခုကိုသာ ထားပေးနိုင်မလား ဆိုတာလေး သိချင်ပါတယ်။

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး

စပြီးဖြစ်စဉ်ဖြစ်တဲ့အထဲမှာ အဲဒီ ရေခဲတိုက်ထဲကို ကျွန်တော်ကိုယ်တိုင် သွားဆင်းကြည့်တဲ့အခါမှာ ၁၁လောင်း သေပါတယ်။ အဲဒါအပါအဝင် အားလုံး ယောကျ်ားမိန်းမ အားလုံး ၁၇၃ ယောက် သေဆုံးဒဏ်ရာ ရရှိမှုရှိပါတယ်။ နောက်ဆုံး Update အနေနဲ့တော့ အခု သေဆုံးသူ အားလုံးဟာ ၁၄+၉ (၂၃)ယောက် ဖြစ်ပါတယ်။ လက်ကျန်ဆေးရုံပေါ်မှာ တက်နေတဲ့လူအားလုံးဟာ ၅+၁၆ (၅)က ကျား၊ (၁၆)က မိန်းမ၊ အားလုံး ၂၁ယောက် ရှိပါတယ်။

**ပြန်ကြားရေးဝန်ကြီးဌာန
ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း**

ကျွန်တော်တို့ ပြည်သူတစ်ရပ်လုံးက အဲဒီလို အဖျက်အမှောင့် အကြမ်းဖက်မှုတွေကို ပူးပေါင်းပါဝင် ကာကွယ်ဆောင်ရွက်ပေးဖို့ဆိုရင် ဂျာနယ်၊ မဂ္ဂဇင်း၊ စာနယ်ဇင်းလောကရဲ့အား အင်မတန်လိုပါတယ်။ အဲဒီအား အင်မတန်လိုပါတယ်။

ဒါကြောင့် ကျွန်တော်တို့ ရပ်ရှင်အစည်းအရုံးမှာ တွေ့ဆုံပွဲမှာလည်း အဲဒီအားကို မြှင့်တင်ပေးဖို့ စာပေလောကသားအားလုံးကို ကျွန်တော်မေတ္တာရပ်ခံ ပန်ကြားခဲ့ပါတယ်။

ဒီအတိုင်းပဲ နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း (၆)နှစ်မြောက်နှစ်ပတ်လည် အခမ်းအနားမှာလည်း စာပေလောကသားအားလုံးကို အဲဒီအမျိုးသားလုံခြုံရေးဆိုင်ရာ ကိစ္စမျိုးတွေနဲ့ ပတ်သက်ရင် တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးဖို့ ကျွန်တော် မေတ္တာရပ်ခံခဲ့ပါတယ်။ အဲဒါအင်မတန်အရေးကြီးတယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့လောကသားများအားလုံးက ပူးပေါင်းပါဝင်ပြီးတော့ ပြည်သူကို စည်းရုံးနှိုးဆော် ဆောင်ရွက်ပေးပါလို့ ကျွန်တော် မေတ္တာရပ်ခံလိုပါတယ်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ●

*** ပြည်သူတစ်ရပ်လုံးက အဲဒီလို အဖျက်အမှောင့် အကြမ်းဖက်မှုတွေကို ပူးပေါင်းပါဝင် ကာကွယ် ဆောင်ရွက်ပေးဖို့ဆိုရင် ဂျာနယ်၊မဂ္ဂဇင်း၊စာနယ်ဇင်းလောကရဲ့အား အင်မတန်လို။**

*** စာပေလောကသား အားလုံးကို အဲဒီ အမျိုးသား လုံခြုံရေးဆိုင်ရာ ကိစ္စမျိုးတွေနဲ့ ပတ်သက်ရင်တက်ညီလက်ညီပူးပေါင်းပါဝင် ဆောင်ရွက်ပေးဖို့ မေတ္တာရပ်ခံ။**

နိုင်ငံတော်အစိုးရနဲ့ ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ(၂)နဲ့ ဘာပြဿနာမှမရှိ "ဝ" အထူးဒေသ ဘိန်းကင်းမဲ့ဇုန်ကြေညာဖို့ကိစ္စ ပွင့်လင်းရာသီကို ရွှေ့ခြင်းဖြစ်

● စာမျက်နှာ ၁၀ မှ

နောက်တစ်ခု ဦးကိုကို ဆွေးနွေးတဲ့အထဲမှာ ကျွန်တော်တို့ ကောလာဟလသတင်းတွေနဲ့ ပတ်သက်လို့ရှိရင် Confirm လုပ်နိုင်မယ့် ဌာနလေးတစ်ခုများ၊ တာဝန်ရှိတဲ့ Group လေးတစ်ခုများ ထားပေးရင်ဖြင့် မသင့်ဘူးလားလို့ သူဒီလို အကြံပြုသွားတာဖြစ်ပါတယ်။ ဒါလည်းပဲ အင်မတန်မှ ကောင်းတဲ့ အကြံပြုချက်ဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့ အနေနဲ့ ဆက်လက်တိုင်ပင်စဉ်းစားပြီးတဲ့အခါမှာ အကောင်အထည်ဖော်နိုင်အောင် ဆောင်ရွက်ပြီးတော့ ပေးသွားပါမယ်လို့ ကျွန်တော်ဖြေကြားလိုပါတယ်။

မြန်မာတိုင်းမ်မှ ဦးသက်ခိုင်

SSNA Head Quarters ဘယ်မှာရှိပြီးတော့ အဲဒီမှာ လူဘယ်နှယောက်လောက်များ နေထိုင်တယ်လို့ သိရပါသလဲ။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း

SSNA စိုင်းရီက SSA နဲ့ ပေါင်းသွားပြီး SSNA က ဌာနချုပ်မရှိပါဘူး။

ဆင်ဟွာသတင်းဌာနမှ ဦးထွန်းဖေ

ပထမမေးခွန်းက မူးယစ်ဆေးဝါးနဲ့ ပတ်သက်တယ်။ ဒီလ ၂၆ရက်နေ့ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနဲ့ တရားမဝင်ရောင်းဝယ်မှု ဆန့်ကျင်တဲ့နေ့ ဖြစ်ပါတယ်။ ယခုလက်ရှိ မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်တဲ့ဘက်မှာ တိုးတက်မှု ဘာတွေများရှိပါသလဲ။ နောက်တစ်ခုကတော့ "ဝ"အထူးဒေသ ဒီလမှာ ဘိန်းစိုက်ပျိုးမှုကင်းမဲ့ဒေသ ကြေညာမလို့ စီစဉ်နေခဲ့တာ နောက်ဆုံး ရွှေ့ဆိုင်းတာလား၊ ဖျက်သိမ်းတာလား။ သံတမန်ကိုလည်း ဖိတ်တယ်။ နိုင်ငံခြားသတင်းထောက်ကိုလည်း ဖိတ်တယ်။ နောက်ပိုင်းမှာ အပြောအမျိုးမျိုး ဖြစ်နေပါတယ်။

တစ်မျိုးကတော့ သူကြေညာဖို့ အသင့်မဖြစ်သေးဘူး တစ်မျိုး၊ နောက်တစ်ခါ မိုးရာသီကြောင့် လမ်းပန်းဆက်သွယ်ရေး အဆင်မပြေဘူး။ နောက်တစ်မျိုးက လုံခြုံရေးအခြေအနေ၊ နောက်တစ်မျိုးထွက်လာတယ်။ "ဝ"အဖွဲ့နဲ့ အစိုးရ အဆင်မပြေသေးဘူးတစ်မျိုး၊ တကယ့်အခြေအနေက ဘယ်လိုလဲ။ ဒါ ပထမမေးခွန်းပါ။

ဒုတိယမေးခွန်းကတော့ စီးပွားရေးနှင့် ကုန်သွယ်ရေးနဲ့ ပတ်သက်လို့ပါ။ တရုတ်-အာဆီယံနိုင်ငံ ချုပ်ဆိုထားတဲ့ စာချုပ်အရ လာမည့်လကစပြီး နှစ်ဦးနှစ်ဖက် ပစ္စည်းပေါင်း ၇၀၀၀ ကို သွင်းကုန်ခွန် တစ်စတစ်စနဲ့ လျှော့ချ၊ တချို့ကို ဖျက်သိမ်း၊ အဲဒီ Process ကို နှစ်ဦးနှစ်ဖက် အကျိုးရှိတဲ့ မြန်မာနိုင်ငံအနေနဲ့ဆိုလို့ရှိရင် အဲဒီအခွင့်အရေး Chance ကို ဘယ်လိုတောင်းပြီးတော့ ဆက်ဆောင်ရွက်မလဲ။ တချို့ကလည်းပြောတယ်။ တရုတ်ကလည်း ဈေးကွက်ကြီးတယ်။ မြန်မာနိုင်ငံက တရုတ်ဈေးကွက်ကို ဘယ်လိုထိုးဖောက်မလဲ။ အဲဒီ မေးခွန်းနှစ်ခုပါ။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း

ဆင်ဟွာသတင်းဌာနက ဦးထွန်းဖေကို အများကြီး ကျေးဇူးတင်ပါတယ်။ ဦးထွန်းဖေရဲ့ ပထမမေးခွန်းဖြစ်တဲ့ မူးယစ်ဆေးဝါး ကိစ္စကတော့ သတင်းစာထဲမှာလည်း မနေ့တစ်နေ့ကပဲ ရေးသားထားပြီးသား ဖြစ်ပါတယ်။

နောက်နံပါတ်(၂)ကတော့ ရှမ်းပြည်နယ်မြောက်ပိုင်း "ဝ"အထူး ဒေသက သူတို့ဒေသမှာ ဘိန်းကင်းမဲ့ဇုန် ကြေညာဖို့ကိစ္စကို လုပ်ခဲ့တယ်။ အဲဒီလို လုပ်ခဲ့တဲ့အခါမှာ ဖိတ်စာတွေ လည်းပို့ခဲ့တယ်။ ပို့ပြီးကာမှ ရက်ရွှေ့တယ်။ အဲဒီလို ရက်ရွှေ့သွားတာတွေဟာ အမျိုးမျိုးပြောမှုရှိတယ်။ လုံခြုံရေးအတွက်ကြောင့်လည်း တချို့ကပြောတယ်။ နောက်တစ်ခါ "ဝ"နဲ့ နိုင်ငံတော်အစိုးရနဲ့ အဆင်မပြေသေးလို့လည်း ပြောတယ်။

နောက်တစ်ခါ "ဝ"ဒေသကိုယ်တိုင်ကိုက ဒီလိုကြေညာဖို့ အဆင်သင့်မဖြစ်သေးလို့ လို့လည်းပြောတယ်။ ဘယ်ဟာက အမှန်ပါလဲလို့မေးတဲ့ မေးခွန်းဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရနဲ့ ရှမ်းပြည်နယ်မြောက်ပိုင်း အထူး ဒေသ(၂) "ဝ"တိုင်းရင်းသား လက်နက်ကိုင်များနဲ့ ဘာပြဿနာမှ မရှိပါဘူး။ မူလအတိုင်း အဆင်ပြေပါတယ်။ နံပါတ်(၂)က သူတို့ အဆင်သင့်မဖြစ်သေးလို့ ရက်ရွှေ့တာ လည်း မဟုတ်ပါဘူး။ နံပါတ်(၃)က လုံခြုံရေးကြောင့် ရက်ရွှေ့ရတာလည်း မဟုတ်ပါဘူး။ သတင်းစာဆရာကြီးများ သိကြတဲ့အတိုင်းဖြစ်ပါတယ်။ အခုအချိန်ဟာ မိုးရာသီ ကျရောက်လာပါပြီ။ ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ(၂) "ဝ"တိုင်းရင်းသားတွေရဲ့နယ်မြေဟာ ဒီထက် မိုးပိုများတယ်။ မိုးများတဲ့အတွက် သွားရေးလာရေး ခက်ပါတယ်။ ခြေခင်းလက်ခင်းမသာပါဘူး။ ဒါကြောင့်မို့လို့ ခြေခင်းလက်ခင်း သာမယ့်၊ သွားရေးလာရေးလွယ်ကူမယ့် ပွင့်လင်းရာသီကို "ဝ"တိုင်းရင်းသားတွေရဲ့ ညှိနှိုင်းချက်အရ ရွှေ့ခြင်းဖြစ်ပါတယ်။

နောက်မေးခွန်းဖြစ်တဲ့ ကုန်သွယ်ရေးနဲ့ပတ်သက်လို့ရှိရင် ကုန် Tax လျှော့နည်းတဲ့ အခွင့်အရေးတွေကို တရုတ်နိုင်ငံက ပေးနေတယ်။ ဒါတွေကိုရယူဖို့ ဘယ်လိုအစီအစဉ် ရှိသလဲဆိုတာနဲ့ ပတ်သက်လို့ သက်ဆိုင်ရာ စီးပွားကူးသန်း ဝန်ကြီးဌာနဟာ လိုအပ်တာတွေကို ဆက်ပြီးဆောင်ရွက်ပြီးတော့ ဒါတွေကို နိုင်ငံအတွက် အကျိုးရှိအောင်၊ ကုန်သွယ်မှုနဲ့ ပတ်သက်ပြီးတော့ ရှိထားတဲ့ သဘောတူညီချက်အတိုင်း ဖြစ်အောင် သူ့ဘက်က ဆက်လက်ဆောင်ရွက်နေကြောင်း ဖြေကြားလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

မဟာဂျာနယ်မှ ဦးမြတ်ခိုင်

ပြည်ပ အသံလွှင့်ဌာနက ဇာတ်ကောင်တစ်ဦး ဖြစ်တဲ့ အောင်ဒင်အကြောင်းကို စာရွက်တချို့မှာ ဖတ်ရပါတယ်။ အောင်ဒင်ဟာ ဗုံးဖောက်ခွဲမှုနဲ့ ပတ်သက်မှုရှိမရှိ သိလိုပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ

အောင်ဒင်ဟာ US Campaign for Burma က ဒါရိုက်တာတစ်ဦးဖြစ်ပါတယ်။ မြန်မာနိုင်ငံကနေပြီးတော့ အရေးအခင်းကာလမတိုင်ခင်လောက်မှာ တိမ်းရှောင်သွားတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ တိမ်းရှောင်သွားပြီးတဲ့ အချိန်မှာ တစ်ဖက်နိုင်ငံ ABSDF ကျောင်းသားတပ်ဖွဲ့မှာလည်း တာဝန် ထမ်းဆောင်ခဲ့ပါတယ်။ အဲဒီ နောက်ပိုင်း ကနေဒါနိုင်ငံ ရောက်သွားတဲ့အခါမှာလည်း ခုနပြောတဲ့ US Campaign for Burma အဖွဲ့မှာဝင်ပြီးတော့ မြန်မာနိုင်ငံနဲ့ ပတ်သက်တဲ့ ဆန့်ကျင်ရေးလုပ်ငန်းတွေကို နိုင်ငံတကာ အကူအညီယူပြီးတော့ ဆောင်ရွက်ခဲ့တဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ ဒီဗုံးဖောက်ခွဲမှုနဲ့ ပတ်သက်ပြီးတော့ ဆက်စပ်မှုရှိခြင်း၊ မရှိခြင်းဆိုတာကိုတော့ တချို့ဟာတွေက စစ်ဆေးဖော်ထုတ်ဆဲ ကိစ္စတွေဖြစ်နေတာကြောင့် လောလောဆယ် မပြောနိုင်တာကို ခွင့်လွှတ်ဖို့ ပန်ကြားလိုပါတယ်။

NTV သတင်းဌာနမှ ဒေါ်ဆင့်ဆင့်အောင်

Nippon Television က ဆင့်ဆင့်အောင်ပါ။ ဝန်ကြီး ပြောသွားတဲ့ မေလ ၇ရက်နေ့က ဗုံးဖောက်ခွဲမှုနဲ့ ပတ်သက်ပြီးတော့ ကောလာဟလဟုတ်၊ မဟုတ်၊ တကယ်ဟုတ်၊ မဟုတ်ဆိုတာတစ်ခုကို မေးချင်ပါတယ်။ ကျိုက်ထီးရိုးရင်ပြင်နဲ့ ကင်ပွန်းစခန်းကို ကားမောင်းနေတဲ့ ယာဉ်မောင်းတစ်ဦးကို သက်ဆိုင်ရာက မသင်္ကာလို့ ဖမ်းထားတယ်လို့ သိရှိရပါတယ်။ သူ့ရဲ့ခြံမြေကို သွားပြီးတော့ စစ်ဆေးတဲ့ အခါမှာလည်း မြေကြီးထဲမှာ မြှုပ်ထားတဲ့ ဗုံးတွေကို တွေ့ရှိရပါတယ်လို့ ပြောပါတယ်။ အဲဒီကိစ္စဟာ မှန်သလား၊ မမှန်သလား သိချင်ပါတယ်ရှင်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ

ဒါက ပြည်သူတွေသတင်းပေးတဲ့အရ ခေါ်ယူစစ်ဆေးခြင်း ဖြစ်ပါတယ်။ စစ်ဆေးပြီးတဲ့အခါမှာ ဒီသတင်းဟာ မမှန်ပါဘူး။

NHK သတင်းဌာနမှ ဦးခင်မောင်မြင့်

ဒီနေ့ သတင်းစာရှင်းလင်းပွဲဟာ အတော်ကြီးကို မြိုင်ဆိုင်ပါတယ်ခင်ဗျ။ ကျွန်တော်တို့ သတင်းထောက်တွေရဲ့ အမေးအဖြေကို သတင်းစာထဲမှာ အပြည့်အစုံ ထည့်ပေးတယ်။ နောက်ဆုံး သတင်းစာရှင်းလင်းပွဲမှာဆိုရင် ကျွန်တော်တို့ အသံတွေပါ ထည့်ပေးတယ်။ မြန်မာ့အသံက လွှင့်လိုက်ပါတယ်။ အဲဒီတော့ လူထုပါဝင်ရေးဆိုတဲ့နေရာမှာ အဲဒါဟာ အရေးကြီးပါတယ်။ ဘာလို့လဲဆိုတော့ အဲဒီသတင်းစာရှင်းလင်းပွဲရဲ့ Reaction တွေ ကျွန်တော်တို့ ရတယ်။ ဘယ်လိုရသလဲဆိုတော့ အရင်တုန်းကဆိုရင် ကျွန်တော်တို့ မိတ်ဆွေတွေက အမြဲတမ်းမေးတယ်။ ခင်ဗျားတို့ နိုင်ငံခြားသတင်းထောက်တွေ အစိုးရသတင်းစာရှင်းလင်းပွဲ သွားပြီးတော့ နားထောင်ပြီးတော့ ပြန်လာတာပဲ။ ဘာလုပ်တာလဲ မေးကြတယ်။ အစိုးရ ကြေညာချက်လောက်ပဲ ထည့်တယ်။ မဟုတ်ဘူး ကျွန်တော်တို့ မေးတယ်။ ပွင့်ပွင့်လင်းလင်း မေးတယ်။ ဖြေတဲ့သူတွေကလည်း ပွင့်ပွင့်လင်းလင်း ဖြေတယ်။

ဒါပေမယ့် အမေးအဖြေတွေမထည့်လို့ ကျွန်တော်တို့ မသိတာ။ အကုန်လုံးက မေးကြတယ်။ ဖြေကြတယ်။ ရှင်းပြီးသား အစိုးရနဲ့ ကျွန်တော်တို့ကြားမှာ ဘာမှ ပြဿနာလည်းမရှိဘူး။ ကျွန်တော်တို့သိချင်တာ သူတို့ အကုန်ဖြေတယ်။ ဒါပေမယ့် သူတို့မယုံဘူး။ အခုတော့ နောက်ဆုံး ကျွန်တော်တို့ အသံတွေပါ သူတို့ကြားတော့ ဘယ်လိုလဲဗျ ခင်ဗျားတို့ တယ်ဟုတ်ပါလား။ အဲဒီမှာ ဘယ်လိုဖြစ်လဲဆိုတော့။ သတင်းစာရှင်းလင်းပွဲတွေကို ပြည်သူတွေရဲ့ စိတ်ဝင်စားမှု တိုးလာပါတယ်။ တိုးလာတဲ့အခါမှာ ဘာဖြစ်လဲ။ ပြည်သူတွေ ပါဝင်ရေးဆိုတဲ့အပိုင်းဟာ အများကြီး ထုတ်ယူလို့ရတယ်။ ပြန်ကြားရေးဝန်ကြီးရဲ့ လုပ်ဆောင်ချက်ဟာ အဲဒီနေရာမှာ အများကြီး အောင်မြင်ပါတယ်။ ဒါ စမ်းသပ်ချက်လို့ ကျွန်တော်ထင်ပါတယ်။ စမ်းသပ်ချက်သည် အောင်မြင်တယ်လို့ ကျွန်တော်ပြောပါရစေ။ အဲဒီမှာတင် ပြည်သူတွေရဲ့ပါဝင်မှုဟာ အဲဒီကစမယ်။ ရှည်ရှည်ဝေးဝေး တော့မဟုတ်ဘူး။ အဲဒီကစတာ ပြည်သူပါဝင်မှုက ချက်ချင်း တော့မရဘူး။ အဲဒီလို အဆင့်ဆင့်ဖောင်ဒေးရှင်း ချပြီးတော့ သွားရမယ်။ အဲဒီတော့ဟာ အဲဒီဟာ အောင်မြင်မှုတွေ ပြောရင်းနဲ့ ပြည်ထဲရေးဝန်ကြီးကလည်း ပြောသင့်တဲ့ အချိန်မှာ ပြောရမယ်ဆိုပြီးတော့ ပြောသွားတယ်။ ကျွန်တော်တို့ အားရစရာပဲ။ သတင်းစာဆရာတွေကို မငြင်းပါဘူး။ ပြောသင့်တဲ့အချိန်မှာ ပြောမယ်။ မပြောသင့်သေးလို့ မပြောဘူးလို့ ပြောသွားပါတယ်။

အဲဒီတော့ နောက်ဆုံးပြောသင့်၊ မပြောသင့်တော့ ကျွန်တော် မသိပါဘူး။ အခုလောလောဆယ်ဖြစ်နေတဲ့ အတော်ထူးတဲ့ သတင်းတစ်ခုကတော့ မေးခွင့်ပြုပါ။ ဝန်ကြီးနဲ့တွေ့တုန်း မေးခွင့်ပြုပါ။

အဲဒါဘာလဲဆိုတော့ တချို့ Wire Service တွေကလည်း ပါသွားပါပြီ။ အရင်က ဝန်ကြီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီး ခင်ညွန့် အင်းစိန်ထောင်ထဲ ထည့်ထားပြီးတော့ တရားစစ်နေတယ်လို့ ကျွန်တော်တို့ကြားတယ်။ ဒီ ဗိုလ်ချုပ်ကြီးခင်ညွန့် သတင်းဟာ ကောလာဟလတွေ အများကြီးကြားတယ်။ ဒါပေမယ့် မခိုင်လုံဘူး။ အစိုးရထုတ်ပြန်ချက်လည်း မဟုတ်လို့ ကျွန်တော်တို့ မရေးရဘူး။ အဲဒါ အင်းစိန်ထောင်ထဲ ရောက်တာဟုတ်၊ မဟုတ်။ တရားစစ်ဆေးနေတယ်ဆိုတာ ဟုတ်၊ မဟုတ်။ ဟုတ်တယ်ဆိုလို့ရှိရင်လည်း ဘာပုဒ်မနဲ့ စွဲသလဲ၊ ဘယ်လိုအရေးယူသလဲဆိုတာကို ပြောသင့်ပြောထိုက်တယ်လို့ ယူဆရင် ကျွန်တော်တို့ကို ပြောပေးပါ။ သတင်း အမြန်အဆန်ထုတ်ပြန်ရေးမှာ အဓိကကျတယ်။ ဒီလောက်ပါပဲ။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း

ဦးခင်မောင်မြင့်ကို ကျေးဇူးအများကြီးတင်ပါတယ်။ ပထမအချက်ဖြစ်တဲ့ သတင်းစာရှင်းလင်းပွဲမှာ ပွင့်ပွင့်လင်းလင်း မေးကြ၊ ပွင့်ပွင့်လင်းလင်းဖြေကြပြီးတော့ ဒီလို မေးကြဖြေကြတာတွေကိုလည်း သတင်းစာထဲမှာရော၊ တီဗွီမှာရော ပွင့်ပွင့်လင်းလင်း ထုတ်ပြန်ပေးတာဟာ အင်မတန်ကောင်းပါတယ်။ ပြည်သူတွေကိုယ်တိုင်က ဒါကို စိတ်ဝင်စားပြီးတော့ ပြည်သူတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုအတွက် အင်မတန်မှ ကောင်းတဲ့ ပထမအစ ခြေလှမ်းဖြစ်ပါတယ်ဆိုပြီး သူဒီလို ဆွေးနွေးသွားပါတယ်။

နိုင်ငံတော်အနေနဲ့ကလည်းပဲ သတင်းစာဆရာကြီးများကိုရော၊ ပြည်သူများကိုပါ သိသင့်သိထိုက်တဲ့ သတင်းမှန်သမျှကို မထိမ်မချန်ဘဲနဲ့ အချိန်မီ အမြန်ဆုံးထုတ်ပြန်ပေးဖို့ လူကြီးများကိုယ်တိုင်က လမ်းညွှန်ထားပါတယ်။ ဒါ့ကြောင့် ထုတ်ပြန်သင့် ထုတ်ပြန်ထိုက်တဲ့၊ ထုတ်ပြန်နိုင်တဲ့၊ ထုတ်ပြန်ဖို့ လိုအပ်တဲ့ သတင်းမှန်သမျှကို ကျွန်တော်တို့ Transparancy ရှိရှိနဲ့ ဆက်ပြီး ဆောင်ရွက်ပေးသွားမှာ ဖြစ်တယ်ဆိုတာကို ထပ်ဆင့်ရှင်းလင်းပြောကြားလိုပါတယ်။ ဝန်ကြီးချုပ်ဟောင်းနဲ့ ပတ်သက်ပြီး မေးမြန်းတဲ့ကိစ္စမဟုတ်ပါဘူးလို့ ဖြေကြားလိုပါတယ်။

နိုင်ငံတော် အနေနဲ့ကလည်းပဲ သတင်းစာ ဆရာကြီးများကိုရော၊ ပြည်သူများကိုပါ သိသင့်သိထိုက်တဲ့ သတင်းမှန်သမျှကို မထိမ်မချန်ဘဲနဲ့ အချိန်မီ အမြန်ဆုံးထုတ်ပြန်ပေးဖို့ လူကြီးများကိုယ်တိုင်က လမ်းညွှန်ထား။

ထုတ်ပြန်သင့် ထုတ်ပြန်ထိုက်တဲ့၊ ထုတ်ပြန်နိုင်တဲ့၊ ထုတ်ပြန်ဖို့ လိုအပ်တဲ့ သတင်းမှန်သမျှကို Transparancy ရှိရှိနဲ့ ဆက်ပြီး ဆောင်ရွက်ပေးသွားမှာဖြစ်။

ဖွင့်လှစ်

သာကေတမြို့နယ် ၆/အနောက်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဇွန် ၁၁ရက်က ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲကျင်းပရာ သာကေတမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးလှသိန်းနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးခင်လှိုင်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

(မြို့နယ်ပြန်/ဆက်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးသိန်းမောင်တို့ သုံးခွမြို့နယ်နှင့် ကျောက်တန်းမြို့နယ်တို့ကို ဆက်သွယ်ထားသည့် ကဒပ္ပန တံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (ရ–က–တ)

သုံးခွမြို့နယ်နှင့်ကျောက်တန်းမြို့နယ် ဆက်သွယ်သည့် ကဒပ္ပနတံတား ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၁၂

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်နှင့်ကျောက်တန်းမြို့နယ်တို့သို့ သွားရောက်၍ စိုက်ပျိုးရေးနှင့်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် နံနက် ၇နာရီတွင် သုံးခွမြို့နယ် သုံးခွအနောက်ကျေးရွာ ကွင်းအမှတ်(၈၄၃–အေ)သို့ရောက်ရှိပြီး ဆင်းသွယ်လတ်စပါးမျိုး မျိုးသန့်ပွားများရေးအထူးဇုန် ဧက ၁၀၀အတွင်း သမန်းကောင်းစေရန် လယ်ထွန်စက်အစီး ၅၀ဖြင့် မြေယာပြုပြင်ထွန်ယက်နေမှု၊ တစ်နှံမှတစ်ကွင်း၊ တစ်ကွင်းမှတစ်နိုင်ငံ ခေါင်နှံမျိုးဖြင့် တစ်ပိုင်တစ်နိုင်မျိုးသန့်ပွားများသည့် နည်းစနစ်အရ ဆင်းသွယ်လတ်စပါးမျိုး လက်တွေ့ပျိုးထောင်နေမှုနှင့် တောင်သူဦးအောင်မြင့်၏ စပါးတစ်မိုးနှစ်သီး စိုက်ခင်းတို့ကို ကြည့်ရှုအားပေးရာ တိုင်းစိုက်ပျိုးရေး မန်နေဂျာ ဦးအောင်ဆန်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ပန်းတိုင်အထွက်နှုန်း

ထို့နောက်တိုင်းမှူးက မိုးစပါးပန်းတိုင် အထွက်နှုန်းရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် စပါးတစ်မိုးနှစ်သီး နှစ်စဉ်ဧကတိုးချဲ့စိုက်ပျိုးကြရန် မှာကြားပြီး လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။

ထိုမှတစ်ဆင့် သုံးခွမြို့နယ်နှင့် ကျောက်တန်းမြို့နယ်တို့ကို ဆက်သွယ်ထားသည့် ကဒပ္ပနတံတား ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် နိုင်ငံတော်က ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး(၅)ရပ်ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဒေသတစ်ခုဖွံ့ဖြိုးရေးအတွက် အဓိကကျသည့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးအတွက် တံတားများတည်ဆောက်ခြင်း၊လမ်းများဖောက်လုပ်ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယခုဖွင့်လှစ်သည့် ကဒပ္ပန တံတားသည် သုံးခွမြို့နယ်နှင့် ကျောက်တန်းမြို့နယ်တို့ကို ဆက်သွယ်ပေးသည့် တံတားဖြစ်ပြီး ကဒပ္ပန၊ ခနောင်၊ ကမာကလုပ်၊ ပန်းတောလမ်းပေါ်၌ တည်ရှိနေသဖြင့် ဒေသခံပြည်သူများအတွက် လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်လာတော့မည်ဖြစ်ကြောင်း။

မင်္ဂလွန်းတံတား

ယခုတံတားမတိုင်ခင် ရွာသစ်ကလေးတံတားကို ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည့်အပြင် မကြာမီကာလအတွင်း မင်္ဂလွန်းတံတားကိုလည်း ဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း၊ ကဒပ္ပနတံတားသည် ယခင်တံတားဟောင်း၏ သစ်သားတိုင်များနေရာတွင် သံကူကွန်ကရစ်တိုင်၊ ရက်မများဖြင့် အစားထိုးပြီး ဘေလီသံပေါင်ဖြင့် တည်ဆောက်ထားခြင်း ဖြစ်ကြောင်း၊ ယခင်က သစ်သားတိုင်များ ဒီပိုးထိုး၍ပျက်စီးသဖြင့် အန္တရာယ်မကြာခဏ ဖြစ်ခဲ့ရာမှ ယခုအခါ ရေရှည်ခိုင်ခံ့စွာ အသုံးပြုနိုင်ပြီဖြစ်ကြောင်း။

ဒေသ၏ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည်နှင့်အမျှ စိုက်ပျိုးရေးကဏ္ဍ ပိုမိုမြင့်မားစေရေးအတွက် စပါးတစ်မိုး နှစ်သီး စိုက်ပျိုးကြပြီး မိုးစပါး၊ နွေစပါး၊ ပဲတီစိမ်း၊ ပဲတီရွှေဝါများ ပန်းတိုင်အထွက်နှုန်းရရှိစေရန် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းနှင့် တံတားရေရှည်ခိုင်ခံ့စွာ အသုံးပြုနိုင်စေရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒေသခံပြည်သူများကိုယ်စား သုံးခွမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအေးခိုင်က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် တံတားဖွင့်ပွဲအခမ်းအနားကို တံတားမုခ်ဦးရှေ့၌ ကျင်းပရာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးသိန်းမောင်တို့က တံတားကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဧည့်သည်တော်များသည် တံတားကို ဖြတ်သန်းကြည့်ရှုကြသည်။

ယနေ့ဖွင့်လှစ်သည့် ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်နှင့် ကျောက်တန်းမြို့နယ်တို့ကို ဆက်သွယ်ထားသည့် ကဒပ္ပနတံတားသည် ကဒပ္ပန–ခနောင်–ကမာကလုပ် – ပန်းတောလမ်းပေါ်၌ တည်ရှိပြီး အရှည်ပေ ၁၈၀၊ အကျယ် ၁၂ပေ ၁၁လက်မ၊ ရေလမ်းကင်းလွတ်အမြင့်ရှစ်ပေ၊ ရေလမ်းကင်းလွတ်အကျယ် ၅၂ပေနှင့် ခံနိုင်ဝန် ၁၃တန်ရှိသည့် သံကူကွန်ကရစ်တိုင် ရက်မနှင့် ဘေလီသံပေါင်ဆင် သစ်သားကြမ်းခင်း တံတားဖြစ်သည်။

တံတားဖွင့်ပွဲအပြီးတွင် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ကျောက်တန်းမြို့နယ် တံတားမြို့အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ရောက်ရှိပြီး ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ဒေသခံ ပြည်သူများနှင့်တွေ့ဆုံသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ကျောက်တန်းမြို့နယ် တံတားမြို့ သုံးလောကထွဋ်ခေါင် မာရ်အောင်ရတနာဘုရားကြီး၏ ရှာလယ်ကျောင်းဆရာတော် ဦးဝဏ္ဏသာမိအား ဝင်ရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တံတားမြို့ အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး အလျားပေ ၁၂၀၊ အနံပေ ၃၀ရှိ တစ်ထပ်တိုးချဲ့ ကျောင်းဆောင်သစ် တည်ဆောက်ပြီးစီးမှုနှင့် ကျောင်းဝင်းအတွင်းကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ဆရာကြီးဦးလှဝင်းက လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် တိုင်းမှူးသည် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ကျောင်းသား၊ ကျောင်းသူများ ပညာရည်မြင့်မားစွာ သင်ကြားနိုင်ရေးအတွက် လိုအပ်သည်များ မှာကြားသည်။

ရှင်းလင်းပြသ

ထိုမှတစ်ဆင့် တံတားမြို့ တိုက်နယ်ဆေးရုံသို့ရောက်ရှိပြီး ခွဲစိတ်မှန်ဆောင်တည်ဆောက်ပြီးစီးမှုနှင့် လူနာဆောင်၊ သားဖွားခန်း၊ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်းတို့ကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာခင်ဇော်နှင့် ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်မူမူခိုင်တို့က လိုက်လံရှင်းလင်း ပြသကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် အသုံးပြုရန်အတွက် အလှူငွေကျပ်တစ်သိန်းကို ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်မူမူခိုင်အား ပေးအပ်လှူဒါန်းသည်။

ထို့နောက်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ကျောက်တန်းမြို့နယ် တံတားရဲတပ်ဖွဲ့စခန်းသို့ ရောက်ရှိစစ်ဆေးပြီး တပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ လိုအပ်သည်များမှာကြားသည်။

(သတင်းစဉ်)

အထက သုဝဏ္ဏ ကျောင်းသား၊ ကျောင်းသူဟောင်းများ ငွေလှူဒါန်း

ရန်ကုန် ဇွန် ၁၂

အထက သုဝဏ္ဏ ကျောင်းသား၊ ကျောင်းသူဟောင်းများ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပရေးကော်မတီမှ အငြိမ်းစားဆရာ၊ ဆရာမများ၊ လူမှုရေးထောက်ပံ့မှုကော်မတီနှင့် ကျောင်းဘက်စုံဖွံ့ဖြိုးရေးအတွက် ငွေလှူဒါန်းပွဲကို ဇွန်၁၀ရက် နံနက်၁၀နာရီတွင် အထက(သုဝဏ္ဏ) ကွန်ပျူတာခန်းမ၌ ကျင်းပရာ အငြိမ်းစားဆရာ၊ ဆရာမကြီးများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီမြင့်နှင့် အဖွဲ့ဝင်များ၊ အငြိမ်းစားဆရာ၊ ဆရာမများ၊ လူမှုရေးထောက်ပံ့မှုကော်မတီ ဥက္ကဋ္ဌဦးလှတင်နှင့်အဖွဲ့ဝင်များ၊ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်သော ဦးစိုးပိုင်၊ ဦးမျိုးဇော်နှင့် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာကြီး ဦးထွန်းမင်းနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အငြိမ်းစား ဆရာ၊ ဆရာမများ၊ လူမှုရေး ထောက်ပံ့မှုကော်မတီသို့ အလှူငွေ ကျပ်ငါးသိန်း **(ယာပုံ)**နှင့် ကျောင်းဘက်စုံဖွံ့ဖြိုးရေးအတွက် အလှူငွေကျပ်နှစ်သိန်း လှူဒါန်းကြသည်။ အငြိမ်းစား ဆရာ၊ ဆရာမများ လူမှုရေးထောက်ပံ့မှုကော်မတီသို့ လှူဒါန်းလိုပါက ဦးထွန်းမင်း ဖုန်း–၅၆၅၂၃၁၊ ဒေါ်ရီရီ ဖုန်း–၅၆၅၂၄၇၊ ဦးစိုးပိုင် ဖုန်း–၅၇၀၄၄၀၊ ဦးဥက္ကာအေး ဖုန်း– ၅၆၂၃၈၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။(က–ပ)

မော်တော်ယာဉ်မသုံးစွဲရနေ့ လှည့်လည်စစ်ဆေး

ရန်ကုန် ဇွန် ၁၂

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဝင်၊ စစ်ဆေးကြပ်မတ်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့် ဒုတိယအဖွဲ့ခေါင်းဆောင်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌွေးတို့သည် အဖွဲ့ဝင်များဖြစ်ကြသည့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လည်းကောင်း၊ ကော်မတီဝင် စစ်ဆေးကြပ်မတ်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေနှင့် ဒုတိယအဖွဲ့ခေါင်းဆောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေတို့သည် အဖွဲ့ဝင်များဖြစ်ကြသည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ညနေပိုင်းတွင် လည်းကောင်း၊ မော်တော်ယာဉ်မသုံးစွဲရနေ့စစ်ဆေးရေးအဖွဲ့များက ရန်ကုန်မြို့၏ အဓိကအချက်အချာကျသောနေရာများ၌ တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာမော်တော်ယာဉ်များသွားလာသုံးစွဲမှု စစ်ဆေးနေကြသည်တို့ကို လှည့်လည်စစ်ဆေးကြပ်မတ်ကြသည်။

စစ်ဆေး

နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သော ယနေ့တွင် စစ်ဆေးရေးအဖွဲ့များသည် နံနက် ၇နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့၏ အဓိကအချက်အချာကျသောနေရာများ၌ တပ်မတော် မော်တော်ယာဉ်များနှင့်ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲရာတွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာ တပ်၊ ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့်လက်မှတ် (Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင် (ဝိုးတက်)တို့ ပါရှိခြင်း ရှိ–မရှိနှင့် ဌာနဆိုင်ရာ ဝတ်စုံများဝတ်ဆင်ခြင်း ရှိ–မရှိတို့ကို စစ်ဆေးကြပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကိုလည်း စစ်ဆေးကြသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃–၆–၂၀၀၅ (တနင်္လာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၇း၁၅	တေးဂီတအစီအစဉ်
၇း၂၀	အဆင့်မီရော်ဘာဖူးဆက်ပျိုးပင်ရရှိရေး
၇း၃၀	ဖန်တီးသူတို့အနုပညာ
၇း၅၀	တေးဂီတအစီအစဉ်
၇း၅၅	စံပြမူကြိုလေ့ကျင့်မှုအစီအစဉ်
၈း၀၅	တေးဂီတအစီအစဉ်
၈း၁၀	ပြည်တွင်းသတင်းအကျဉ်း
၈း၁၅	ကျော်ကြားထင်ရှား အနုပညာပုလဲပန်းများ (စန္ဒရားချစ်ဆွေ)
၉း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၀၅	ပြည်သူ့အင်အားဦးစီးဌာနအကြောင်း သိကောင်းစရာ
၉း၁၅	သတင်းကောင်း
၉း၂၀	တေးဂီတအစီအစဉ်
၉း၃၅	ပြည်တွင်းသတင်းအကျဉ်း
၉း၄၀	မိုးလေဝသခန့်မှန်းချက်
၉း၄၅	နိုင်ငံတကာပိုက်ကျော်ခြင်းပြိုင်ပွဲ
၁၀း၂၅	မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း
၁၀း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀	မြွေအန္တရာယ်နှင့် မြွေအန္တရာယ်ကြောင့် ကျောက်ကပ်ပျက်စီးခြင်းကို ကာကွယ်ကုသခြင်း
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၄) နာရီစာ အစီအစဉ်များကို ည (၂၃း၀၀)နာရီအထိ (၄) ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ပြည်တွင်းပြည်ပ အဖျက်သမားများ၏ နှောင့်ယှက်ဖျက်ဆီးမှု သွေးထိုးလှုံ့ဆော်မှုမမှန်သတင်းလွှင့်မှုများကို မယုံကြည်ရန်လို

ရန်ကုန် ဇွန် ၁၂

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးသည် ယမန်နေ့ညနေ ၄နာရီခွဲတွင် ပဲခူးတိုင်း ပဲခူးမြို့ သီရိဥသာခန်းမ၌ တိုင်း၊ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ အင်အား ၂၅၀ခန့်နှင့်တွေ့ဆုံပြီး နယ်မြေဒေသ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အမှာစကားပြောကြားသည်။

ဝန်ကြီးက နိုင်ငံတော်အစိုးရသည် နိုင်ငံတော်လုံခြုံရေး၊ ခေတ်မီဖွံ့ဖြိုး တိုးတက်ရေးအတွက် တရားဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်း ပြည်ပအဖျက်သမားများက ပြည်သူ လူထုနှင့် နိုင်ငံတော်အစိုးရအပေါ် အထင်အမြင်လွဲမှားစေရန် မမှန်သတင်း လွှင့်လုပ်ဆောင်နေကြောင်း၊ ပြည်တွင်း ပြည်ပအဖျက်သမားများ၏ နှောင့်ယှက် ဖျက်ဆီးမှု၊ သွေးထိုးလှုံ့ဆော်မှု၊ မမှန် သတင်းလွှင့်မှုများကို မယုံကြည်ကြ ရန်လိုကြောင်း၊ နယ်မြေဒေသ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဝန်ထမ်းများ အနေဖြင့် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ မိမိကျရာတာဝန်ကို ကျားကုတ်ကျားခဲ လုပ်ဆောင်ကြရန် တိုက်တွန်းလို ကြောင်း ရှင်းလင်းပြောကြားသည်။

အလားတူ ညနေ ၆နာရီခွဲတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့များ၊ ရပ်မိရပ်ဖ အင်အား ၁၅၀ခန့်အား တွေ့ဆုံပြီး နယ်မြေ လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး တို့နှင့်ပတ်သက်၍ ရှင်းလင်းပြောကြား သည်။ (သတင်းစဉ်)

အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ရန် ထိုင်းနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဇွန် ၁၂

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ ညွှန်ကြားရေးမှူး (သတင်း) ဦးဝင်းတင်သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဇွန် ၁၃ရက်မှ ၁၆ရက် အထိကျင်းပမည့် သဘာဝဘေးအန္တရာယ်လျော့နည်းရေးနှင့် ကြိုတင်ကာကွယ်ရေး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ထွက်ခွာသွားသည်။

ညွှန်ကြားရေးမှူး(သတင်း) ဦးဝင်းတင်အား ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ တာဝန်ရှိသူများနှင့် မိသားစုများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(အောက်ပုံ) (သတင်းစဉ်)



မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၁၂–၆–၂၀၀၅)

ရေး
(၃၁သမ ၆၂လက်မ)

မော်လမြိုင်
(၂၁သမ ၇၂လက်မ)

ကသာ
(၂၁သမ ၄၀လက်မ)

ဟုမ္မလင်း
(၂၁သမ ၃၂လက်မ)

ထားဝယ်
(၁၁သမ ၇၃လက်မ)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၁)၊ အမှတ်(၃၂)ဖြန့်ချိ

ရန်ကုန် ဇွန် ၁၂

မြန်မာ့ရုပ်ရှင် အဆင့်အတန်းမြင့်မား ရေးခေတ်မီစက်ကိရိယာများဖြည့်တင်း ပေးမည်၊ စာသင်ကျောင်းများတွင် လုံခြုံရေးကို ထိရောက်စွာဆောင်ရွက် ထား၊ ကောလာဟလဖြန့်သူများ စုံစမ်း ဖော်ထုတ်သွားမည်၊ မြန်မာနိုင်ငံသည် အိန္ဒိယ–အာဆီယံ မဟာမိတ်အတွက် သော့ချက်ကျ၊ ပဲတီစိမ်းပေါ်စတွင်ပင် ဈေးမြင့်၍ ကြိုပွဲဝိုင့်ရောင်းထားသော ကုန်သည်တို့အထိနာစသည့် ပြည်တွင်း ရေးရာ သတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

လူသားပုံတူ မျိုးပွားခြင်းသည် အန္တရာယ်ကြီးသော စိတ်ကူးဖြစ်ပြီး လတ်တလော မဖြစ်ထွန်းနိုင်သေး၊ ပါလက်စတိုင်းနွယ်ဖွားကို အကြမ်းဖက် ခေါင်းဆောင်အဖြစ် အမေရိကန်တွင် တရားစွဲဆို၊ခေတ်ရှေ့ပြေးစားသောက် ဆိုင် စားမြိန်ဖွယ်တို့ကို အိမ်သာအိုး သဏ္ဌာန်ပန်းကန်များဖြင့် တည်ခင်းနေ၊ သက်ပြင်းဘက်တီးရီးယားပိုးအိပ်ရာခင်း၊ လက်သည်းခွံပေါ် ပွားနေနိုင်စသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက် ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာ ရေး၊ ဖျော်ဖြေရေးနှင့်အားကစားကဏ္ဍ စုံလင်စွာဖြင့် e-Empire Media House ဖုန်း–၅၄၈၈၈၁က မြန်မာ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီ ဖြစ်သည်။ (က–ပ)

လာမည့်သောကြာနေ့ ၌ချစ်ခြင်းငယ်ပြိုင်ဝင်မည် ကျန်စစ်မင်းဇာတ်ကား ဆက်လက်ပြသနေ

ရန်ကုန် ဇွန် ၁၂

မြို့လယ် မြို့ပတ်ရုပ်ရှင်ရုံများတွင် ပြသဆဲဇာတ်ကားများသာ ဆက်လက် ပြသလျက်ရှိသည်။ ပြသဆဲ မြန်မာ ရုပ်ရှင်ဇာတ်ကား တစ်ကားဖြစ်သည့် **ကျန်စစ်မင်း**ဇာတ်ကားသည် သမ္မတ၊ သွင်နှင့် မင်္ဂလာရုံတို့တွင် ဆက်လက် ရုံတင် ပြသနေသည်။

ကျန်စစ်မင်း

ဝေရက် ရုပ်ရှင်ထုတ်လုပ်ရေးမှ ဦးသိန်းလှိုင်၏ ဇာတ်လမ်းကို မြင့်ဦး ဦးမြင့်နှင့် မြမြင့်မိုရ်တို့ ပူးတွဲဇာတ်ညွှန်း ရေးသားပြီး သရုပ်ဆောင်မင်းသား လူမင်းကိုယ်တိုင် သရုပ်ဆောင် ဒါရိုက်တာအဖြစ် ရိုက်ကူးထားပြီး မေသန်းနု၊ ထက်ထက်မိုးဦး၊ ပန်းဖြူ၊ စိုးမြတ်နန္ဒာ၊ လှိုင်ဖြူဖြူထွဋ်းနှင့် ညွှန့်ဝင်းတို့ ခေါင်းဆောင်ပါဝင်ထား ကြသော ပုဂံခေတ် ဇာတ်အိမ်အခြေ တည်ရိုက်ကူးထားသည့် ကျန်စစ်မင်း ဇာတ်ကားမှာ ပရိသတ်အားပေးမှု ဆက်လက်ရရှိနေသည်။

‘ကျန်စစ်မင်း’ ဇာတ်ကား သမ္မတရုပ်ရှင်ရုံတွင်ပြသစဉ် လာရောက် အားပေးကြည့်ရှုကြသည့် ပရိသတ်များကို တွေ့ရစဉ်။

ယခုလာမည့်သောကြာပတ်တွင်ရုံတင်ပြသမည့် ‘ချစ်ခြင်းငယ်ပြိုင်’ ဇာတ်ကားမှ ရန်အောင်၊ မေသန်းနု။

ချစ်ခြင်းငယ်ပြိုင်

မြနန္ဒာ ရုပ်ရှင်ထုတ်လုပ်ရေးမှ ဒေါက်တာဒေါ်မြမြဝင်း၏ ဝတ္ထုကို အကယ်ဒမီကြည်စိုးထွန်းက ဇာတ်ညွှန်း ရေးဖွဲ့ပြီး ဒါရိုက်တာ ကြည်စိုးထွန်းနှင့် တွဲဖက်ဒါရိုက်တာ ချမ်းသာကြည်စိုးတို့ ရိုက်ကူးသည့် **ချစ်ခြင်းငယ်ပြိုင်** ဇာတ်ကား လာမည့်သောကြာနေ့ ဇွန် ၁၇ ရက်တွင် ရုံတင်ပြသမည် ဖြစ် သည်။ ယင်းဇာတ်ကားတွင် ရန်အောင်၊ ကျော်သူ၊ မေသန်းနု၊ စိုးမြတ်နန္ဒာနှင့် ရွှေသွေးတို့ ခေါင်းဆောင်ပါဝင် ထားကြသည်။

နိုင်ငံခြားကား

နေပြည်တော် အဆင့်မြင့်ရုပ်ရှင် ရုံတွင် KUNG FU HUSTLE ကွန်ဖူးပညာအသားပေး ဇာတ်ကား ပြသလျက်ရှိပြီး၊ ရှေ့ဆောင်ရုပ်ရှင်ရုံ တွင် X.X.X အက်ရှင်ဇာတ်ကား ပြသမည်ဖြစ်သည်။

(ကြေးမုံ)

ဟဲဗီးဝိတ် လက်ဝှေ့ချန်ပီယံဟောင်း မိုက်တိုင်စန် အိုင်ယာလန်လက်ဝှေ့သမား မက်ဘရိုက်ကိုအရှုံးပေး

ဝါရှင်တန် ဇွန် ၁၂

ကမ္ဘာ့ဟဲဗီးဝိတ် လက်ဝှေ့ချန်ပီယံဟောင်း မိုက်တိုင်စန်နှင့် အိုင်ယာလန်မှ ကီဗင်မက်ဘရိုက်တို့၏ ဟဲဗီးဝိတ်လက်ဝှေ့ထိုးသတ်ပွဲကို အမေရိကန် နိုင်ငံ ဝါရှင်တန်မြို့ရှိ အမ်စီအိုင် ဗဟိုဌာနတွင် စနေနေ့က ကျင်းပသည်။ ယခုပွဲတွင် မိုက်တိုင်စန်သည် ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံဟောင်း မဟုတ် တော့သည့် အသွင်ကိုဆောင်နေပြီး ဆဋ္ဌမအချီအပြီးတွင် လက်ဝှေ့ကြိုးဝိုင်း ကြမ်းပြင်ပေါ်သို့ ဖင်ထိုင်ကျသွားကာ အိုင်ယာလန်လက်ဝှေ့သမားကို အရှုံး ပေးလိုက်ရသည်။

အသက်(၃၈)နှစ် အရွယ်ရှိ အမေရိကန်နိုင်ငံသား မိုက်တိုင်စန်သည် ပွဲကြည့်ပရိသတ်၏ တစ်ခဲနက်အားပေးမှုကိုရရှိပြီး အစောပိုင်းအကျော့ ထိုးသတ်မှုများတွင် အနိုင်ရရှိခဲ့သည်။ သို့ရာတွင် မက်ဘရိုက်သည် နောက်ပိုင်း အကျော့များထိုးသတ်ရာ၌ လက်သီးချက်များ ပိုမိုပြင်းထန်လာပြီး အသာစီးမှ ထိုးလာနိုင်ခဲ့သည်။

ပဉ္စမအချီအရောက်တွင် မိုက်တိုင်စန်မှာ အလွန်အမင်း ပင်ပန်းနွမ်းနယ် လာပြီး ဆဋ္ဌမအချီအရောက်တွင် နိုင်လိုဇောကြီးမားနေသည့် မိုက်တိုင်စန်က လက်ဝှေ့စည်းကမ်းအချို့ကို ချိုးဖောက်ကာ ထိုးသတ်လာခဲ့သည်။

မိုက်တိုင်စန်သည်ပြိုင်ဘက်လက်ဝှေ့သမား၏နဖူးကို ဦးခေါင်းဖြင့် တမင်တိုက်ရန် ကြိုးပမ်းခြင်းကြောင့် ဒိုင်လူကြီးက အမှတ်နှစ်မှတ်လျှော့ကာ ပြစ်ဒဏ်ပေးခဲ့သည်။

အသက်အငယ်ဆုံး ဟဲဗီးဝိတ် လက်ဝှေ့ချန်ပီယံ သရဖူရရှိခဲ့ပြီးနောက် ၁၉နှစ်အကြာ ယနေ့ကာလတွင် မိုက်တိုင်စန်မှာသက်လုံမကောင်းတော့ဘဲ လျင်မြန်မှုကျဆင်းကာ ထိုးသတ်မှုစွမ်းရည် နည်းပါးလာပြီဖြစ်သည်။

အီဗန်ဒါ ဟိုလီဖီးလ်၏ နားရွက်ကိုကိုက်မှုဖြင့် လက်ဝှေ့ထိုးသတ်ခြင်း ပိတ်ပင်ခံခဲ့ရသူ မိုက်တိုင်စန်သည် မက်ဘရိုက်ကိုအနိုင်ရရှိရန် မျှော်လင့်ချက် မရှိတော့သည့်အဆုံး ဆဋ္ဌမအချီအပြီးတွင် ကြိုးဝိုင်းမှ ထွက်ခွာခွင့်တောင်းခံ ခဲ့သည်။

မိမိသည် အသက်(၁၂၀)ရှိသည့်အဘိုးအိုတစ်ဦးကဲ့သို့ စိတ်တွင် ခံစား မိကြောင်း တိုင်စန်က ပြောကြားသည်။

တိုင်စန်သည် နောက်ဆုံး လေးပွဲထိုးသတ်ရန် စီစဉ်ထားသည့်အနက် တတိယအကြိမ် ရှုံးနိမ့်မှုဖြစ်ပြီး ၎င်း၏လက်ဝှေ့သမားဘဝကို အဆုံးသတ်မည့် နောက်ဆုံးလက်ဝှေ့ပွဲအဖြစ် ရှုမြင်ရကြောင်း မီဒီယာများက ရေးသားဖော်ပြ သည်။ **ရိုက်တာ။**

ဆဋ္ဌမအချီအပြီးတွင် လက်ဝှေ့ကြိုးဝိုင်း ကြမ်းပြင်ပေါ်သို့ ဖင်ထိုင် ကျသွားသည့် မိုက်တိုင်စန်ကိုတွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ကမ္ဘာ့ဖလား အာဖရိကဇုန် အုပ်စု(၅)ခြေစစ်ပွဲ တူနီးရှားအသင်းက ဂီနီအသင်းကို အနိုင်ရ

တူးနစ် ဇွန် ၁၂

၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အာဖရိကဇုန် အုပ်စု(၅) ခြေစစ်ပွဲကို တူနီးရှားနိုင်ငံ တူးနစ်မြို့တွင် စနေနေ့ကကျင်းပရာ တူနီးရှား နိုင်ငံအသင်းက ဂီနီနိုင်ငံအသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ပွဲချိန် ၃၆ မိနစ်တွင် အိမ်ရှင် တူနီးရှားအသင်းမှ ဟိုဆေးကလေတန်က ပိုင်နယ်တိုကန်သွင်းရာမှတစ်ဆင့် အဖွင့်ဂိုးရရှိသည်။

ပွဲချိန် ၇၉မိနစ်တွင် တူနီးရှားအသင်းမှ အေဒယ်ချက်ဒလီက ဒုတိယ မြောက် ဂိုးရရှိအောင် ကြိုးပမ်းနိုင်ခဲ့သည်။

ပွဲချိန် မိနစ် ၈၀ တွင် ဂီနီအသင်းမှ ကန်ဖိုရီဆိုင်လား ထုတ်ပယ်ခံခဲ့ ရသည်။

ယခုကျင်းပသောပွဲတွင် အနိုင်ရရှိခြင်းဖြင့် တူနီးရှားနိုင်ငံအသင်းသည် ခုနစ်ပွဲကစားပြီးမှ ၁၄ မှတ်ရရှိထားကာ အာဖရိကဇုန် အုပ်စု(၅)တွင် ထိပ်ဆုံးမှဦးဆောင်နေသော မော်ရိုကိုနိုင်ငံအသင်းနှင့် တစ်မှတ်သာလျှင် ကွာခြားမှုရှိတော့သည်။

တူနီးရှားနိုင်ငံအသင်းသည် ဂျာမနီတွင်ကျင်းပမည့် ကမ္ဘာ့ဖလားဘောလုံး ပြိုင်ပွဲတွင် တတိယအကြိမ် ပါဝင်ယှဉ်ပြိုင်ကစားခွင့်ရရှိရန် ကြိုးပမ်းနေသော် လည်း အာဖရိကမြောက်ပိုင်းမှ ပြိုင်ဘက်ဖြစ်သည့် မော်ရိုကိုအသင်းထက် ခြေအသာကစားနိုင်ရန် လိုအပ်နေသေးသည်။ **(ရိုက်တာ)**

SSNA စိုင်းရီနှင့် နောက်လိုက်တစ်စု ဘိန်းစားပြအကြမ်းဖက် SSA ရှုက်ဆစ်နှင့် ပူးပေါင်းသွားခြင်းသည် ၎င်းတို့ဖုံးကွယ်ထားသည့် အမှန်တရားပေါ်သွားခြင်းနှင့် ဥပဒေကို ရင်မဆိုင်ရဲခြင်းကြောင့် ထွက်ပြေးခြင်းသာဖြစ်

နိုင်ငံတော်အစိုးရကရော တပ်မတော်ကပါ လက်နက်စွန့်ရန် အကျပ်ကိုင်ခြင်း၊ ခြိမ်းခြောက်ခြင်း မပြုလုပ်ခဲ့ အခြားမည်သည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ကိုမျှ လက်နက်စွန့်ရန် ဖိအားပေးအကျပ်ကိုင်ခြင်း မပြုခဲ့

ရှမ်းပြည်နယ်တောင်ပိုင်းနှင့် အရှေ့ပိုင်း အစွန်အဖျားကျေးရွာများတွင် ရှုက်ဆစ်အဖွဲ့ အဓမ္မလူသစ်စုဆောင်းနေ ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ၎င်းတို့နောက် လူလိုက်နိုင်လျှင်လိုက် မလိုက်နိုင်လျှင် ငွေကြေးပေးကြရ

ရှုက်ဆစ်ဦးစီးတဲ့အဖွဲ့သည် အကြမ်းဖက်အဖျက်လုပ်ရပ်များသာ အစဉ်တစိုက်လုပ်နေသည့်အဖွဲ့ဖြစ် ရှုက်ဆစ်သည် ဘိန်းကုန်ကူးခြင်းနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချမှုကို လျှို့ဝှက်လုပ်ကိုင် ကိုယ်ကျိုးရှာနေ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ ဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း သတင်းစာရှင်းလင်းပွဲ (၅/၂၀၀၅) တွင် ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇွန် ၁၂

၁၉၉၅ခုနှစ် ကတည်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့သည့် SSNA စိုင်းရီနှင့်နောက်လိုက် တစ်စု ပြည်ထောင်စုဖြိုခွဲရေး၊ မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချမှုနှင့် အကြမ်းဖက်အဖျက်လုပ်ရပ်များကိုသာ တစိုက်မတ်မတ် ကျူးလွန်နေသည့် ဘိန်းစားပြအကြမ်းဖက်သမား SSA ရှုက်ဆစ်နှင့် ပူးပေါင်းသွားခြင်းနှင့် ပတ်သက်သည့် နောက်ကွယ်မှ ဖြစ်ရပ်မှန်များနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ (၅/၂၀၀၅)တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ ဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ ရှင်းလင်းပြောကြားချက်များ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

သတင်းစာဆရာကြီးများခင်ဗျား

ယနေ့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ သတင်းထုတ်ပြန်ရေး ကော်မတီကကျင်းပတဲ့ သတင်းစာရှင်းလင်းပွဲ (၅/၂၀၀၅) မှာ ကျွန်တော့်အနေနဲ့ ၁၉၉၅ ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့တဲ့ SSNA စိုင်းရီနဲ့ နောက်လိုက်တစ်စုဟာ ပြည်ထောင်စုဖြိုခွဲရေး၊ မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းချမှုနဲ့ အကြမ်းဖက် အဖျက်လုပ်ရပ်များကိုသာ တစိုက်မတ်မတ် ကျူးလွန်နေတဲ့ ဘိန်းစားပြ အကြမ်းဖက်သမား SSA ရှုက်ဆစ်နဲ့ ပူးပေါင်းသွားတာနဲ့ စပ်လျဉ်းပြီး နောက်ကွယ်မှ ဖြစ်ရပ်မှန်များကို ရှင်းလင်းပြောကြားသွားမှာ ဖြစ်ပါတယ်။

သတင်းစာဆရာကြီးများအားလုံး သိရှိကြပြီးဖြစ်တဲ့အတိုင်း SSNA စိုင်းရီနဲ့ နောက်လိုက်တစ်စုဟာ ၂၀၀၅ ခုနှစ် မေလ ၂၁ ရက်နေ့မှာ ဘိန်းစားပြ အကြမ်းဖက်သမား SSA ရှုက်ဆစ်နဲ့ ပူးပေါင်းသွားခဲ့ပါတယ်။ မေလ ၂၂ ရက် ညပိုင်းမှာ ဘီဘီစီက "၂၀၀၅ခုနှစ် မေလ ၂၁ ရက်နေ့တွင် ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA)နဲ့ ရှုက်ဆစ်ဦးစီးတဲ့ ရှမ်းပြည် တပ်မတော် SSA (တောင်ပိုင်း)တို့ ပူးပေါင်းခဲ့ကြောင်း၊ ထိုသို့ပူးပေါင်းရခြင်းမှာ နိုင်ငံတော်အစိုးရက ၎င်းတို့အား အပြီးအပိုင်လက်နက်စွန့်ရန် ဖိအားပေးအကျပ်ကိုင်လာတာကြောင့် တခြား ရွေးချယ်စရာလမ်း မရှိတော့တဲ့အတွက် ပူးပေါင်းရတာဖြစ်ကြောင်းနဲ့ နှစ်ဖွဲ့ပူးပေါင်းပြီး ဆက်လက်တိုက်ပွဲဝင်သွားမှာဖြစ်ကြောင်း" ထုတ်လွှင့်သွားခဲ့ပါတယ်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ✻